mgyoe.com SAMPLE BOOK

ဖန်းရွှေပြည်ရှေးကဗျာစု-၅

# ‘လွင်သံ’ ၏ လွမ်းချင်းပေါင်းချုပ်





ဦးအောင်သောင်း
(အငြိမ်းစားမြန်မာစာပါမောက္ခ)


mgyoe.com


mgyoe.com
SAMPLE BOOK

ပန်းခရမ်းပြည်စာအုပ်တိုက် ရှေးကဗျာစုစာစဉ်များ။ ဝ၉ - ၅၁၀၄၅၇၂၈






mgyoe.com

mgyoe.com SAMPLE BOOK

**တန်ဖိုး**
၅၀၀၀ ကျပ်

**အုပ်ရေ**
၅၀၀ အုပ်

**အကြိမ်**
ပထမအကြိမ်

**ထုတ်ဝေသည့်အချိန်**
၂၀၂၂ ခုနှစ် ဩဂုတ်လ

**မျက်နှာဖုံး**
ပန်းရွှေပြည်

**ထုတ်ဝေသူ**
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးဇေယျာဦး (၀၁၅၇၉)
Silver Sky Press ပုံနှိပ်တိုက်၊
အမှတ် ၂၆၊ ၉၇ လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်**
မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

ပန်းရွှေပြည် ရှေးကဗျာစု-၅

# လူမ်းချင်း
# (လူ့ငုံသံ)

ဦးအောင်သောင်း

(အငြိမ်းစား မြန်မာစာပါမောက္ခ)

mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ


* စိစဉ်ထုတ်ဝေသူ့စကား ၁
ဦးရွှေသိမ်းမင်း

* ပရိုက်စကား ၃
ဦးအောင်သောင်း

* လွမ်းချင်းကဗျာများ ၆


## မဟာအတုလမင်းကြီး (ရာသီဘွဲ့)


၁- တန်ခူးလ ၂၄
ထပ်ထပ်သာ စောတော့တယ်-ချို

၂- ကဆုန်လဘွဲ့လွမ်းချင်း ၂၈
မြူခြေငယ်စွန်းပါလို့-ချို

၃- နယုန်လ ၂၉
နတ်စည်ငယ် ရွှမ်းပါလို့-ချို

၄- ဝါဆိုလ ၃၀
ကိုးခွင်ငယ် မှိုင်းပါလို့-ချို

၅- ဝါခေါင်လဘွဲ့လွမ်းချင်း ၃၁
မျှော်ယောင်သာ ပန်းတော့တယ်-ချို

၆- တော်သလင်းလဘွဲ့လွမ်းချင်း ၃၂
ရေယဉ်စမ်းငယ်နှင့်-ချို


mgyoe.com

mgyoe.com SAMPLE BOOK


၇- သီတင်းကျွတ်လဘွဲ့လွမ်းချင်း ၃၃
လှိုင်လှိုင်သာသင်းတော့တယ်-ချီ
၈- တန်ဆောင်မုန်းလဘွဲ့လွမ်းချင်း ၃၄
မြောက်လေငယ် သွင်းပါလို့-ချီ
၉- နတ်တော်လဘွဲ့လွမ်းချင်း ၃၅
ရှုလေတိုင်းကိုတည့်-ချီ
၁၀- ပြာသိုလဘွဲ့လွမ်းချင်း ၃၆
တိမ်ခြေငယ်ရှင်းပါလို့-ချီ
၁၁- တပို့တွဲလဘွဲ့လွမ်းချင်း ၃၇
ညံ့လို့သာ သဲတော့တယ်-ချီ
၁၂- တပေါင်းလဘွဲ့လွမ်းချင်း ၃၈
မြိုင်ခြေငယ် သင်းပါလို့-ချီ


**ဦးသာ**


၁၃- ဆေးလိပ်ဖက် ၄၀
ရန်ပင်ရွက်ကယ်နှင့်-ချီ


**ဦးကြင်ဥ**


၁၄- ဘာမရွံ့ပါဘူး ၄၂
ဘာမရွံ့ပါဘူး-ချီ
၁၅- ရဲစေကွယ့် ၄၃
တိမ်ခြေ ကပ်စေတော့-ချီ
၁၆- ရှောင်သွေခဲ့ပါဘူး ၄၄
သွေမပျက်ပါဘူး-ချီ


mgyoe.com

mgyoe.com SAMPLE BOOK

၁၇- ရွှေဖြစ်တဲ့အိုင် ၄၅
အိုင်ခပင်းမှာလ-ချိ

## ဖိုးသူတော်ဦးမင်း

၁၈- အောင်စည်တီးပါလို့ ၄၇
အောင်စည်ငယ်တီးပါလို့-ချိ
၁၉- စွန်ဆိုးလက်ဝယ် ကြက်သူငယ် ၄၈
ဖြေပြေရန် ခက်ပါဘိ-ချိ

## စလေဦးပုည

၂၀- ရင်ခတ်တောင်ဘွဲ့ ၅၁
တောင်ဂမုန်းငယ်နှင့်-ချိ
၂၁- မဒ္ဒီထွင်လမ်း တို့မေလှမ်း ၅၂
မထင်တတ်ပြီဘူး-ချိ
၂၂- အိုးနားတိုနှင့် ယုန်ဟင်းချို ၅၃
တောင်ခါးပန်းရယ်နှင့်-ချိ
၂၃- မြင်မလျော်မြင်ပျော်ပုံထင် ၅၄
လွှာဖိနပ်ကယ်နှင့်-ချိ
၂၄- လှူမုန်းအောင် ကြင်ပါမယ် ၅၅
လာပြီတဲ့ ပြန်ခဲ့ယော့်ခုလေ-ချိ
၂၅- ကံတော်နည်းသူ သည်းမှာဆူ ၅၆
ဖန်သမျှ ကြံဆလို့ဆည်ဖြေ-ချိ

mgyoe.com

mgyoe.com SAMPLE BOOK



၂၆- ပြည်တော်ပြန် လွမ်းချင်း ၅၈
မြိုင်တသန့်မှာတဲ့-ချီ
၂၇- စိတ်ကောက်ဘွဲ့ လွမ်းချင်း ၅၉
လာမချော့လာနှင့်-ချီ
၂၈- ကြဲ့ရွယ်ဖော ၆၀
မခေါ်သင့်သည်မို့-ချီ
၂၉- တောအလှ ၆၁
ရဂုံဦးမှာလ-ချီ
၃၀- တန်ခူးလ ၆၁
ခိုင်ဂမုန်းငယ်က-ချီ
၃၁- ဖော်ကွာဝေး ၆၃
စုံတစ်ကြောမှာတည့်-ချီ
၃၂- ပူဆာဖွဲ့ ၆၄
ခိုင်အနန်းငယ်နှင့်-ချီ
၃၃- ခြောက်လှန့်ဖွဲ့ ၆၅
မြခဲရောင်နွယ်-ချီ
၃၄- ဖော်မစုံဘွဲ့ လွမ်းချင်း ၆၆
သစ်လို့သာ လွမ်းတော့-ချီ
၃၅- ဖော်ကွာဝေး ၆၇
ဘုံကြငှန်းမှာတည့်-ချီ
၃၆- မိုးဖွဲ့ ၆၈
ဝသန်ဦးပေမို့-ချီ
၃၇- မိုးဖွဲ့ ၆၉
ပင်ခံစပ်ကယ်နှင့်-ချီ

mgyoe.com

mgyoe.com SAMPLE BOOK


၃၈- တောဖွဲ့ ၇၀
တောတစ်လျှောက်မှာလ-ချီ
၃၉- အောင်စည်ရွှမ်းလို့ လှမ်းခဲ့မယ် ၇၁
ချန်မခွဲချင်ဘူး-ချီ
၄၀- ပင်နန်းသူ အမူနတ် ၇၂
တစ်ပုံသာ သစ်တော့သည်-ချီ
၄၁- ညာရိပ်ပျော်ပါခဲ့သော် ၇၃
တစ်ဖော်တန်းငယ်မို့-ချီ
၄၂- သဒ္ဓာထက်က ရတက်ပွေ ၇၄
တစ်ဖော်တန်းစီမို့-ချီ
၄၃- ငွေခရုနှင့် ဖေယျတုချင် ၇၅
တင်ရန်သာခက်တော့-ချီ
၄၄- ဆောင်ကြီးသူ တူမပါ ၇၆
တောင်လမောင်းငယ်နှင့်-ချီ
၄၅- လင့်စင်ထက်တွင် မောင်မရှင် ၇၇
နံငယ်ပိုင်းငယ်နှင့်-ချီ
၄၆- ကိုကရင်တို့ ရှင်တဲ့ယာ ၇၈
ပလောင်မီးငယ်နှင့်-ချီ
၄၇- ရွှေမျက်နှာ မြင်လာရေး ၇၉
ပူမအေးနိုင်ဘူး-ချီ
၄၈- နန်းမယ်ထံ ပြန်ချင်ဖော ၈၀
ပင်ဇလပ်ကယ်နှင့်-ချီ
၄၉- မိုးချုန်းလို့ လျှိုးပုန်းချိန် ၈၁
ပင်ထနောင်းငယ်က-ချီ
၅၀- ကိုကရင်တို့ လျှိုကွင်းပြင် ၈၂
ပင်ဒဟတ်ကယ်နှင့်-ချီ


mgyoe.com

mgyoe.com SAMPLE BOOK


၅၁- ခြုံသင်တိုင်းနှင့် ပလိုင်းလွယ် ၈၃
ပင်နဘူးငယ်နှင့်-ချီ

၅၂- ကြိုလှည့်စေချင် ၈၄
ဖန်ရဟတ်ကယ်နှင့်-ချီ

၅၃- လျှင်လျှင်မြန်မြန် ပြန်လှည့်ပါ ၈၅
ဖြေမအေးနိုင်ဘု-ချီ

၅၄- မောင်ပြန်ခဲ့ပြီ ၈၆
ဘုံနဝရတ်မှာလ-ချီ

၅၅- ရောက်ချင်ဖော ၈၇
မခေါ်သင့်သည်မို့-ချီ

၅၆- မြိုင်ခန်းသေလာ ၈၈
တံခွန်စမ်းငယ်နှင့်-ချီ

၅၇- မောင်းနှင်ခဲ့ ဆင်,မြင်း ၈၉
မပြန်ကြသည်နှင့်-ချီ

၅၈- လူလိုမလေ့ သူချိုမွှေ့ ၉၀
မြရည်ငယ်ဆန်းတော့-ချီ

၅၉- ရှို့မီးလျှံ ၉၁
မြိုင်အလုံးမှာတဲ့-ချီ

၆၀- ကျေးငှက်လူလို ၉၂
မြိုင်အလုံးမှာတဲ့-ချီ

၆၁- သူပါလျှင် သာပါလိမ့် ၉၃
မြိုင်အလုံးမှာတဲ့-ချီ

၆၂- သာကီဆွေ ၉၄
ရဂုံတွင်းမှာတဲ့-ချီ

၆၃- စံဌာနရွှေဘုံ ၉၅
ရဂုံဦးမှာလ-ချီ


mgyoe.com

mgyoe.com SAMPLE BOOK

### ဆတိုင်မွတ် ဦးကျူး (ဇာတ်လမ်း)


၆၄- ရေသည်ယောက်ျားဆို လွမ်းချင်း ၉၇
ဘယ်သူမဲ့ကြမတုံး-ချီ
၆၅- ရေသည်မဆို လွမ်းချင်း ၉၈
ဦးရေငယ် စပ်ပါပေ့-ချီ
၆၆- ပသန္နမင်းသားဆို လွမ်းချင်း ၉၉
ပဟိုရ်ငယ် ညောင်းပါလို့-ချီ


### ဝေါမှူးကြီး ဦးခြုံ


၆၇- သာပွေ့ယူ ခေါ်ပါ့မယ် ၁၀၂
ဂနိုင်အစဆိက-ချီ
၆၈- မကိုဋ္ဌတော် ပူဇော်ပွဲ ၁၀၄
တုမရှိပါရဲ့-ချီ


### ဦးကြော့


၆၉- တောင်တွင်းမြို့ဘွဲ့ ၁၁၃
ဂနိုင်ငယ်ကျို့ပါလို့-ချီ
၇၀- လယ်သာမြို့လယ်ယာတို့ ၁၁၅
ညာတန်းမှာလ-ချီ
၇၁- ကျောက်ပန်းတောင်းမြို့ မြရွှေဂူဘုရားပွဲတော် ၁၁၈
တောင်းရွှေမြို့မှာလ-ချီ
၇၂- အရည်ဝါသီ တောမှိုဖွယ်ရာ ၁၂၀
နှောင်မကျော့ချင်ဘူး-ချီ
၇၃- နှောင်ညီခင်တဲ့ အရည်ဝါသီ ၁၂၂
ဘုန်းရောင်ကွန့်ပါလို့-ချီ


mgyoe.com

mgyoe.com SAMPLE BOOK

၇၄- မကွေး မြသလွန်ဘုရားပွဲတော်ဘွဲ့ ၁၂၅
မကိုင်ဒွဘုန်းပေမို့-ချီ
၇၅- လွမ်းစေအင် ဆင်တဲ့မိုး ၁၂၈
မြူခြည်ငယ် သန်းပါလို့-ချီ
၇၆- တောင်တွင်းကြီးမြို့ ၁၂၉
မြူမှုန်ငယ်ဝိုင်းပါလို့-ချီ
၇၇- ဆွမ်းလှူကြ များမေပျို ၁၃၀
ယမိုက်သာ ညီးရော-ချီ
၇၈- ဦးအိ၏ ရွှေသကၤန်းအလှူ ၁၃၂
ရှာတစ်နန်းပေပ့်-ချီ
၇၉- တပ်တော်စစ်ထွက် ၁၃၅
လေပြည်ငယ်ညင်းပါလို့-ချီ
၈၀- ပင်းမြို့ ရွှေစားစွဲမိုလ် ဦးထွန်းမင်း ၁၃၆
ဝေဝေငယ် လင်းပါဘိ-ချီ

## အချုပ်တန်းဆရာဖေ

၈၁- ကသိဏ်း ဆင်ခြင်တော့မယ် ၁၃၈
ကြည်မဲ့မွေ့ချင်ဘူး-ချီ
၈၂- စာမကုံးချင်ဘူး ၁၃၉
စာမကုံးချင်ဘူး-ချီ
၈၃- ပြာသိုလာဘွဲ့ ၁၄၁
မကာရရယ်လို့-ချီ

mgyoe.com

mgyoe.com SAMPLE BOOK

**သာဝတ္ထိဦးကြီး**


၈၄- ဆယ်အိမ်ခေါင်း လွှင့်သံ(လွမ်းချင်း) ၁၄၅
စည်းစိမ်ကြီးပါဘိ-ချီ
၈၅- တောပြန်ဘွဲ့ တောလွမ်းချင်း ၁၄၇
လေပြည်ငယ်သုတ်ပါလို့-ချီ
၈၆- ပျို့ဦးရင် အပြန်ခက်ရှာလိမ့် ၁၄၈
သပြေကြက် သီးသနှင့်-ချီ
၈၇- ထန်းသမားဆို ၁၄၉
သက်ကယ်မိုးပါလို့-ချီ
၈၈- ကိုတောင်သူ ၁၅၀
မင်ကော်ရစ်ကယ်နှင့်-ချီ
၈၉- တို့ရွာဓလေ့ လွှင့်သံ(လွမ်းချင်း) ၁၅၁
ဆူးလေကုန်းငယ်နှင့်-ချီ
၉၀- ထုံးရွှေသျှောင်တစ်ပတ်ကွင်း ၁၅၂
အောင်ပြောင်တန်းငယ်နှင့်-ချီ
၉၁- ဆည်းဆာညဦးရွာဝင် ၁၅၃
ကြင်ပုံကသစ်သနှင့်-ချီ
၉၂- ကြေးထမ်းတိုးတဲ့ ပြည်စိုးမင်းတူ ၁၅၄
အမယ်လေးနှင့်-ချီ
၉၃- ရောင့်ရဲပြေ လိုမတ ၁၅၅
ဆောက်ချုံတန်းငယ်နှင့်-ချီ
၉၄- ရွာသူ့ဆွမ်း ၁၅၆
ပိဋကပါတ်ကိုတဲ့-ချီ
၉၅- ကောက်စိုက်သူ ၁၅၇
ရွာအကြိုက်ပေမို့-ချီ


mgyoe.com

mgyoe.com SAMPLE BOOK


မူကွဲ
ကျောက်စိုက်သူ ၁၅၈
ရွာအရှေ့မှာလ–ချီ
၉၆– ကိုတောင်သူ လွှင့်သံ(လွမ်းချင်း) ၁၅၉
အရှည်က ကြည်းသနှင့်–ချီ
မူကွဲ
ကိုတောင်သူ လွှင့်သံ(လွမ်းချင်း) ၁၆၀
အမည်ရယ် ကြီးပါတဲ့–ချီ
၉၇– ထန်းသမား ၁၆၁
သက်ငယ် မိုးပါလို့–ချီ
၉၈– မပြုမပြင် နဂိုယဉ် ၁၆၂
မိုးလေက ချုပ်ပါလို့–ချီ
မူကွဲ
မပြုမပြင် နဂိုယဉ် ၁၆၃
လေပြည်ငယ် သုတ်ပါလို့–ချီ
၉၉– ပျော်စရာတို့ရွာ ၁၆၄
ခံစံပျစ်ငယ်နှင့်–ချီ
၁၀၀– အလွမ်းတွေအုံ ၁၆၅
မလွမ်းသင့်သော်ကော့–ချီ
မူကွဲ
အလွမ်းတွေအုံ ၁၆၆
မလွမ်းသင့်သော်ကော့–ချီ
၁၀၁– သူ့အမေ ဆယ်အိမ်မင်းပေမို့ ၁၆၇
ပျော်ပုံက ရသနှင့်–ချီ


mgyoe.com

mgyoe.com SAMPLE BOOK

မှုကွဲ
သူ့အမေ ဆယ်အိမ်မင်းပေမို့ ၁၆၈
သာလွန်းလှသယ်-ချီ
၁၀၂- လူပျိုကို ဗန်းပြမယ် ၁၆၉
ခါတစ်ခေါက်ငယ်မှ-ချီ
မှုကွဲ
လူပျိုကို ဗန်းပြမယ် ၁၇၀
ခါတစ်ခေါက်-ချီ
မှုကွဲ
လူပျိုကို ဗန်းပြမယ် ၁၇၂
ခါတစ်ခေါက်-ချီ
၁၀၃- မောင်ကြီးတို့ရှာ ၁၇၃
မလွမ်းရော့ သော်ကော့-ချီ
မှုကွဲ
မောင်ကြီးတို့ရှာ ၁၇၄
မလွမ်းရော့သော်ကော့-ချီ
၁၀၄- မောင်ဖမ်းတဲ့ လယ်ပုစွန် ၁၇၅
ပီလဝန်း-ချီ
၁၀၅- မန်ကျည်းသီး ၁၇၆
ထန်းစေ့ခွက်ငယ်နှင့်-ချီ
၁၀၆- ဖြုန်းစပ်ဟင်း ၁၇၇
တစ်ခါလေ လိုက်ခဲ့တော့-ချီ
၁၀၇- ချက်ဟင်းလျာ ၁၇၈
အရောက်ခက်ပါဘိ-ချီ

mgyoe.com

mgyoe.com SAMPLE BOOK


၁၀၈- မြောက်ဘက်သံလွင်စွန်း ၁၈၀
မိုးစရိုက်ပေမို့-ချီ

၁၀၉- ကြင်ဖွေ့ဆုံသူ ၁၈၁
ထိမ်သဖန်းငယ်နှင့်-ချီ

၁၁၀- တောခလေ့-၁ ၁၈၂
လယ်ကညို့ငယ်နှင့်-ချီ

၁၁၁- တောခလေ့-၂ ၁၈၃
ပျော်ပုံကသစ်သနှင့်-ချီ

၁၁၂- တောခလေ့-၃ ၁၈၄
ခါတစ်လှည့်-ချီ

၁၁၃- တောခလေ့-၄ ၁၈၅
ခါတစ်လှည့်-ချီ

၁၁၄- တို့ရွာအလိုက် ၁၈၆
မိုးမသောက်ခင်က-ချီ

၁၁၅- ချွန်းလှလို့ ပြုံးရပြီ ၁၈၇
လယ်ကညို့ငယ်နှင့်-ချီ

၁၁၆- ဟင်းမယ်စုံ ထမင်းပွဲ ၁၈၈
လယ်ကန်သင်းရယ်နှင့်မေ-ချီ

၁၁၇- စိုးပါလှတယ် ၁၉၀
သပြေကသီးသနှင့်-ချီ

၁၁၈- ဒြပ်ကြီးသည့် သမီးပျိုခင် ၁၉၁
သာလွန်းလှတယ်-ချီ

၁၁၉- ပြောရခက်တယ် ၁၉၂
အပြောရခက်သရှင့်-ချီ

၁၂၀- လွမ်းပါဘိ ငယ်ကျွမ်းဝင် ၁၉၃
အရောက်ခက်ပါဘိ-ချီ


mgyoe.com

mgyoe.com SAMPLE BOOK

## ဦးဆောင်း

၁၂၁- လက်ပံပွင့်ကောက် ၁၉၆
လာဟော့-ဒွား-ချီ
၁၂၂- တို့ရွာအလိုက် ၁၉၇
မိုးမသောက်ခင်က-ချီ

## သာဝတ္ထိဦးမျှင်

၁၂၃- ကံကောင်းပေလို့ ၁၉၈
မကြုံတောင်း-ချီ
၁၂၄- အရိုင်း ၁၉၉
လာဟာရို့ရဲ့-ချီ
၁၂၅- ယုတ်မာသူ ၂၀၀
တို့လယ် စိုက်ကရော့မဟော့-ချီ
၁၂၆- တစ်ပွဲပိုင် ၂၀၂
ထင်သကို-ချီ
၁၂၇- ဝါကောက်အသွား ၂၀၃
ပျိုမမေ့သာဘူး-ချီ
၁၂၈- မှိုနီစုံ ၂၀၄
မြင်ပါလှည့်ရော့-ချီ

## ဝန်စာရေးဦးကြီး

၁၂၉- သံယောဇဉ် တွယ်မကပ်အောင်လွှင့်သံ(လွှမ်းချင်း)-၁ ၂၀၆
လူမစပ်အောင်လို့-ချီ
၁၃၀- ရွှေရေကန် ချိုချိုသောက် ၂၀၈
လိုက်သာလိုက်ခဲ့ပါ-ချီ

mgyoe.com

mgyoe.com SAMPLE BOOK

၁၃၁- တစ်နေကုန်ပူဇျာအောငယ်နှင့် ၂၀၉
ခင်မချပ်မှာလ-ချီ
၁၃၂- ရွာမယ့်ယောင်မှောင်တစ်ခဲနှင့် ၂၁၀
ဝါးတိုင်ကွန်းငယ်နှင့်-ချီ

### ဘိုးဝဇီရ

၁၃၃- အရသာကြီး ခြံစပ်သီး ၂၁၃
အရောက်ခက်ပါဘိ-ချီ
၁၃၄- မြို့သူမမိ ၂၁၄
မိုးစရိုက်ပေမို့-ချီ
၁၃၅- အကျွန့်လူ ၂၁၆
တိမ်သဖန်းငယ်နှင့်-ချီ
၁၃၆- မြို့သူမမိ ၂၁၇
လာမေ့လိုက်ခဲ့တော-ချီ
၁၃၇- ကန်တော့ပါရဲ့ ၂၁၉
ငါ ငယ်ငယ်ခိုက်ကယ်က-ချီ

### မောင်ရွှေဝင်း

၁၃၈- ထန်းရည်ခိုး ၂၂၀
ငါရွှေကိုယ် နှံးလှချည့်-ချီ

### မြို့ဝန်စာရေး ဦးဘ

၁၃၉- ပါရမီကံလှသူ ၂၂၁
မတူကြလေဘူး-ချီ

mgyoe.com

mgyoe.com SAMPLE BOOK

## ဦးလှူကလေး

၁၄၀- တောင်တွင်းကြီးမြို့ ဘုရားပွဲတော်စဉ်အတွဲ ၂၂၃
စန်းငွေပွင့်ပါလို့-ချီ
၁၄၁- ဘုန်းကြီးပျံပွဲသိမ်း ၂၂၅
ဓာတ်တော်ကို ပေါင်းပါလို့-ချီ
၁၄၂- တောင်တွင်းမြို့အတွဲ ၂၂၆
ညို့ညို့သာဆိုင်းတော့-ချီ

## မော်လမြိုင် ဆရာယော

၁၄၃- တောင်ရိုးတစ်ခွင် ၂၂၉
တောင်ခြေငယ် ဆင့်ပါလို့-ချီ
၁၄၄- ကွန်းထောက်စခန်း ၂၃၀
တောင်လမောင်းငယ်က-ချီ
၁၄၅- မိုးမင်းမာန် ၂၃၁
ပဒ္မာနုန်မင်းရယ်က-ချီ

## ဝန်စာရေးဦးရွှေတောင်

၁၄၆- လွှင့်သံ (လွမ်းချင်း) ၂၃၄
မြိုင်တစ်ကန့်မှာလ-ချီ
၁၄၇- တောင်ခြေမှာ ခေါင်ရေသုံးပြန်ကြ လွှင့်သံ(လွမ်းချင်း) ၂၃၅
ပျဉ်ပြားဝတ်မှာလ-ချီ
၁၄၈- တော်လေးဝဝင်သော်တာသွင် လွှင့်သံ(လွမ်းချင်း) ၂၃၆
လှိုင်လို့သာ သင်းတော့တယ်-ချီ
၁၄၉- ကေရှင်ရိုးလျှောမထုံးနိုင် လွှင့်သံ(လွမ်းချင်း) ၂၃၇
စုံတသန့်မှာလ-ချီ

mgyoe.com

mgyoe.com SAMPLE BOOK

၁၅၀- ရင်ခတ်တောင်ဘွဲ့ လွှင့်သံ(လွမ်းချင်း) ၂၃၈
မထင်တတ်ပါဘူး-ချီ
၁၅၁- ခိုနန်းကွက်ပြန် ကျောက်ရေကန် ၂၃၉
ပွေပွေသာ ထပ်တော့တယ်-ချီ
၁၅၂- ခြူသံလွင်နှင့် လှည်းယဉ်ကြွ လွှင့်သံ(လွမ်းချင်း) ၂၄၀
မြောင်ခါးပတ်ကယ်နှင့်-ချီ

## ဦးအိုးအို

၁၅၃- မိုးရာသီဘွဲ့လွမ်းချင်း ၂၄၃
ကွက်မကန်းငယ်နှင့်-ချီ
၁၅၄- ဆောင်းရာသီဘွဲ့ လွမ်းချင်း ၂၄၄
ငွေပုလဲလိုပ-ချီ
၁၅၅- သီတင်းကျွတ်လ ၂၄၅
သီတင်းကျွတ်ပေမို့-ချီ
၁၅၆- တပေါင်းလဘွဲ့ လွမ်းချင်း ၂၄၆
ခါတပေါင်းပေမို့-ချီ
၁၅၇- နွေရာသီဘွဲ့ လွမ်းချင်း ၂၄၇
နွေအရောက်ပေမို့-ချီ
၁၅၈- တန်ခူးလဘွဲ့ လွမ်းချင်း ၂၄၈
နွေတန်ခူးပေမို့-ချီ

## ဆရာမှန်း

၁၅၉- မိုးသရက်နှင့် အိုးကြွက်ပမာ ၂၄၉
မစာနာတယ်-ချီ

mgyoe.com

mgyoe.com SAMPLE BOOK

၁၆၀– မြို့ရွှေအင်းဝ ၂၅၁
သီတာရစ်ပါလို့ –ချို

* ကျမ်းကိုးစာရင်း ၂၅၂

mgyoe.com

mgyoe.com SAMPLE BOOK



# စီစဉ်ထုတ်ဝေသူ့စကား

'ပန်းရွှေပြည် ရှေးကဗျာစု'အဖြစ် စလုပ်မိသည်မှာ 'ရတုကဗျာများ'ကို ဖြစ်သည်။ ပုဒ်ရေလည်းများ ကျယ်လည်းကျယ်ပြန့်လွန်းသဖြင့် အလုပ်ဖင့်နှေး အချိန်ကြာနေသည့်အတွင်း 'အဲချင်း၊ အိုင်ချင်း၊ အန်ချင်း' တို့ကို အရင်စုစည်း ထုတ်ဝေဖြစ်သည်။ တစ်ပြိုင်နက်လိုလိုမှာပင် လွမ်းချင်း (လွှင့်သံ)ကလေးများကို အာရုံကျပြန်သည်။ အတော်အတန်မျှ စုမိစဉ်အတွင်း ဆရာဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ)နှင့် စကားစပ်မိရာက 'ဆရာဦးအောင်သောင်းထံတွင် လွမ်းချင်းကလေးများ စုပြီးဆောင်းပြီးရှိကြောင်း' သတင်းစကား ကြားရသည်။ ခင်မင်ရင်းနှီးပြီးသော ဆရာဖြစ်သဖြင့် ဆရာဦးအောင်သောင်းထံသွားကာ စနည်းနာရင်း ဆရာ့ကို လွမ်းချင်းကလေးများ တစ်စုတစ်စည်းတည်းဖြစ်စေဖို့ အပူကပ်မိတော့သည်။ ကိုယ်စုထားဆောင်းထားမိသမျှကိုလည်း ဆရာ့ဆီ ပုံအပ်လိုက်သည်။ ဆရာ့ဆီမှာ ရှိပြီးသားများလည်း အတော်ပါပါသည်။

မြန်မာရှေးကဗျာလောကတွင် ပျို့၊ ရကန်၊ ရတု၊ မော်ကွန်း၊ ချင်းတို့ကို ပေပုရပိုက်စာအဖြစ် တွင်ကျယ်နေသလောက်၊ စာငယ်ဖြစ်သည့် လွမ်းချင်းကလေးများမှာ အရာမဝင်လှသလို ဖြစ်နေသည်။ နန်းရင်ပြင်မရောက် မင်းပွဲမဝင်သလို ရှိသော်လည်း၊ 'တွင်'ရာဌမှု မခေလှသော ကဗျာအဖွဲ့ဟု ယူဆမိပါသည်။ လူထုကြား လူနှုတ်ဖျားမှာ အပျံ့အနှံ့ အရောက်အပေါက် 'တွင်'သော 'ကဗျာတွင်ကျယ်ကလေးများ'ဟုပင် ဆိုချင်ပါသည်။ ဆိုလည်း ဆိုထိုက်လှသည်ကို လွမ်းချင်းကလေးများကို ဖတ်ကြည့်လျှင်ပင် သိသာလောက်ပေမည်။

mgyoe.com

mgyoe.com SAMPLE BOOK



* * *

ဆရာဦးအောင်သောင်း (အငြိမ်းစား မြန်မာစာပါမောက္ခ)နှင့် လွမ်းချင်းကဗျာစု စီစဉ်ခဲ့သည်မှာ ၄-၅ နှစ်မက ကြာပါသည်။ ဆရာက အလုပ်များသလို ကျန်းမာရေးကိစ္စလည်း အရေးထားနေရသူ ဖြစ်ပါသည်။ ဆရာ့မှာ လွမ်းချင်းကဗျာများ ရှိရင်းစွဲ ဖြစ်သောကြောင့်၊ လွမ်းချင်းကဗျာများကို ချစ်စိတ်ရှိသောကြောင့်သာ ဆရာ လုပ်ဖြစ်သည်ဟု ယုံကြည်ပါသည်။ လုပ်သလောက်လည်း အားရဖွယ် ကောင်းလှပါသည်။ နောင်လာနောက်သားတို့အတွက် အားထားလောက်အောင် ဆရာ အစုအဆောင်း အပြုအစု ကောင်းလှပါသည်။

လွမ်းချင်းကဗျာစုကို ဆရာ အားရလေအောင် အချိန်ယူပြုစုပြီးသောအခါ ကွန်ပျူတာစီထားသော စာရွက်များနှင့်တကွ စီဒီချပ်ကိုပါ ကျွန်တော့်ကို ပေးပါသည်။ မာတိကာကိုပါ စဉ်ပြီးသားပါ။ ဆရာ၏ 'ပရိက်စကား'ရှေ့၌ ကျွန်တော့်အတွက် 'အမှာစာ?' ဟူ၍ ခေါင်းပါ တပ်ပေးထားပါသည်။ အမှာစာ ရေးစေချင်ပုံ ရပါသဖြင့် ဤအမှာစာကို ကျွန်တော် ရေးမိပါသည်။ ရွှေဖလားမှာ ငွေအနား လိုက်ကွပ်သလို မဖြစ်အောင် အထူးသတိထား ရေးရပါသည်။

'ဆရာ အားရအောင် အချိန်ယူပြုစုပြီးသောအခါ' ဟု အထက်၌ ရေးခဲ့ပါသည်။ 'အားရ'အောင်ဟု ဆိုလိုက်သော်လည်း ဆရာ 'ကျေနပ်' လှဦးမည်တော့ မထင်ပါ။ သို့သော်- ကျွန်တော်ကတော့ 'ငါ့ဘာသာငါ လုပ်မိရင် အခုလောက် စနစ်ကျကောင်းမွန်တဲ့ 'လွမ်းချင်းကဗျာစု' ဖြစ်မလာနိုင်ဘူး။' ဟု ယုံကြည်နေမိပါတော့သည်။

အားလုံးသို့ ကောင်းသောချစ်ခြင်းများဖြင့်

ကိုရွှေသိမ်းမင်း

mgyoe.com

mgyoe.com SAMPLE BOOK



## ပရိကံစကား

မူလတန်းကျောင်းသားငယ်ဘဝက 'ချိုးနှစ်ကောင်၊ ထနောင်းပင် ညီနောင်က' အစချီကဗျာလေးနှင့် ဖူးစာဆုံခဲ့ရာ မြင်မြင်ချင်း ချစ်မိသွားပါသည်။ အဘယ့်ကြောင့် ချစ်ရသလဲဟု မစဉ်းစားတတ်သေးပါ။

အလယ်တန်းအဆင့်တွင်မူ ဆယ့်နှစ်လရာသီဘွဲ့ လေးချိုးများကို သင်စာအဖြစ် ကျက်မှတ်ရပါသည်။ စာမေးပွဲနှင့်ဆိုင်သည့် သင်ခန်းစာ ဖြစ်သဖြင့် ကျက်မှတ်နေရသော်လည်း စွဲစွဲမက်မက် မရှိလှပါ။

အထက်တန်းအဆင့်တွင်ကား ကဗျာ့ပန်းကုံး ပြဋ္ဌာန်းစာကို သင်ယူရပါသည်။ အဆိုပါစာအုပ်တွင် ကဗျာအမျိုးအစား တော်တော်စုံပါ သည်။ ထိုကဗျာတို့အထဲမှ ဦးကြီးနှင့် ဦးဆောင်းတို့၏ လွမ်းချင်းကဗျာ များကို ပို၍ နှစ်သက်မိသည်ကို သတိထားမိလာသည်။ အဘယ့်ကြောင့် ပို၍ နှစ်သက်ရသနည်းဟုလည်း ဆင်ခြင် စဉ်းစားလာတတ်ပါပြီ။

လွမ်းချင်းကဗျာ အများစုတို့မှာ မိမိဘဝနှင့် ရင်းနှီးကျွမ်းဝင်နေ သောကြောင့် ဖြစ်ကြောင်း ရိပ်မိလာပါသည်။ ချိုးနှစ်ကောင် ဒွေးချိုးကဗျာကို ချစ်မိနေသည်မှာလည်း ကဗျာအကြောင်းအရာသည် မိမိ ငယ်ပေါင်းဆွေရင်း များဖြစ်သဖြင့် ခင်တွယ်စရာ၊ ချစ်ခင်စရာ၊ နှစ်သက်စရာ၊ စွဲမက်စရာ ဖြစ်သကဲ့သို့ လွမ်းချင်းများသည်လည်း ချစ်ခင်စရာ အိမ်နီးချင်း ဆွေရင်းတို့ ဖြစ်နေကြသည်ကို ကောင်းကောင်း သိလာပါပြီ။

တက္ကသိုလ်ပညာကို ဆည်းပူးရာတွင် 'ကဗျာယဉ်စာယဉ် လက် ရွေးစင်' မှာပါသည့် ဦးကြီး၏ လွမ်းချင်းများနှင့် ထပ်တိုးထိတွေ့ရပြန်ရာ လေ့လာမှတ်သားရုံသက်သက် မဟုတ်တော့ဘဲ အကြိမ်ကြိမ် ဖတ်မိသဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK



အလွတ်ရနေပါတော့သည်။ တွေ့မိသမျှ လွမ်းချင်းများကိုလည်း တွေ့ခိုက်မှာပင် ကူးယူထားပါသည်။ အချို့ကိုမူ တေးမှတ်ထားပါသည်။ သို့သော်-လွမ်းချင်းကဗျာလေးများကား စာကြီးပေကြီးအဖြစ် ရေးသူဟောင်းအချို့တို့က ဂရုမပြုခဲ့ကြသဖြင့် တစ်စုတစ်စည်းတည်း မရှိ။ အလေအလွင့်သဘောအဖြစ်ဖြင့် ပြန့်ကျဲနေပေရာ၊ ကောက်သင်း ကောက်ရာ၌ စပါးနှံကိုမရ၊ စပါးစေ့ကိုသာ ရှာဖွေကောက်ယူရသဖြင့် အိတ်ပေါက်နှင့် ဖားကောက်ရသလို ဖြစ်နေခဲ့သည်။ တွေ့ပြီး ကူးပြီးထားပါလျက် ပျောက်ပျက်သွားသည်တို့လည်း ရှိခဲ့သည်။ ရမိထားသည်တို့မှလည်း စာချစ်သူများ၊ ကျမ်းပြုသူတို့အား မှတ်စုစာအုပ်လိုက် ပေးငှားခဲ့ပါသည်။ ထို့ကြောင့် တစ်စုတည်းမဖြစ်ဘဲ သင်းကွဲနေသည်တို့လည်း ရှိနေပါသည်။

တစ်နေ့တွင် စာဟောင်းကျားကန် စာသစ်မွမ်းမံနေသူ စာမိတ်ဆွေ ပန်းရွှေပြည် ကိုရွှေသိမ်းမင်းနှင့် စကားစပ်မိကြရာ သူကပင် 'လွမ်းချင်းကဗျာလေးတွေ စာအုပ်ဖြစ်ချင်သလား။' ဟု မေးလာပါသည်။ ထိုစကားကိုကြားလိုက်ရသဖြင့် အလွန်ဝမ်းသာမိပါသည်။ 'ကိုရွှေသိမ်းမင်း' ဆိုသူကား ကျမ်းကြီးကျမ်းခိုင် စာကြီးပေကြီးများကိုရော၊ ပုစုခရုကဗျာစုလေးများကိုပါ (မပျောက်မပျက်စေလိုသော စေတနာဖြင့်) စုပေါင်းရိုက်နှိပ် ထုတ်ဝေနေသူမဟုတ်ပါလော။ အထက်ပါ သူ၏မေးခွန်း၌ 'ဖိတ်ခေါ်သံ ပါနေသည်'ဟု နားလည်လိုက်ပါသည်။ 'လွမ်းချင်းကဗျာသိုက် တည်ဆောက်နိုင်တော့မည်' -ဟု ယုံကြည်လိုက်ပါတော့သည်။

ကိုရွှေသိမ်းမင်းက သူ့စေတနာ, သူ့ဆန္ဒအတိုင်း 'စုပေါင်းပုံနှိပ်နိုင်ရန် လွမ်းချင်းကဗျာများကို စုစည်း ပြင်ဆင်ထားရန်' စေ့ဆော်ပါသည်။ ထို့ကြောင့်- စုစည်းပြီး ကဗျာများအပြင် ကူးမထားရသေးသည့် ကဗျာများကိုပါ ကူးယူတိုက်ဆိုင်ကြည့်သည်။ ထိုအခါ- အခက်အခဲများ တွေ့လာရပါသည်။ ပျို့များ, မော်ကွန်းများကဲ့သို့ အသိုက်အအုံ ဖွဲ့မနေသည့်အပြင်၊

mgyoe.com

mgyoe.com SAMPLE BOOK



ကဗျာချစ်သူအချို့တို့က မိမိတို့ နာကြားဖူးသည်ကို ကူးယူထားကြသဖြင့် မူကွဲတွေ အတော်များနေပါသည်။ ပင်တိုင်ထားပြီးကိုးကားစရာ အစုအစည်း မရှိသဖြင့် တိုက်ဆိုင်ညှိနှိုင်းရသည်မှာ မလွယ်လှ။ တစ်ပုဒ်ချင်းသာ ညှိနှိုင်း နေရပါသည်။ ဆန့်စဉ်ရာ ကျည်ပွေ့လိုက်နေရပါတော့သည်။ အကြွင်းအကျန် လည်း ရှိနိုင်ပါသည်။ အတိမ်းအယိမ်းများလည်း ရှိနိုင်ပါသည်။ ဖြည့်နိုင် တည့်နိုင်ကြပါစေကုန်။

ကိုရွှေသိမ်းမင်းက ရိုက်နှိပ်နိုင်ရန် အကြိမ်ကြိမ် နှိုးဆော်ပါသည်။ အကောင်းဆုံး၊ အမှန်ဆုံး ဖြစ်စေရန်လည်း ကူညီ ဖြည့်စွက်ပေးပါသေး သည်။ ကျေးဇူးတင်ကြရပါမည်။

လူတို့သည် 'ရိုးသည်'ကို တန်ဖိုးထားကြသည်။ လွမ်းချင်းကဗျာ အများစုသည် ရိုးပါသည်။ လူတို့သည် 'ပွင့်လင်းသည်'ကို နှစ်သက်ကြ ပါသည်။ လွမ်းချင်းကဗျာတို့သည် ပွင့်လင်းကြပါသည်။ လူတို့သည် ရင်းနှီး သူများကို ချစ်ကြသည်။ လွမ်းချင်းကဗျာပါ အကြောင်းအရာအချို့တို့သည် ကျေးလက်ရွာသူတို့နှင့် ရင်းနှီးပါသည်။ လူတို့သည် လူ့သဘာဝနှင့် ရပ်တည်နေကြပါသည်။ လွမ်းချင်းကဗျာတို့လည်း လူ့သဘာဝ၊ လူ့ဘဝ ဆန်ကြပါသည်။ ထို့ကြောင့် လွမ်းချင်းကဗျာလေးများသည် စာဖတ်သူ လူနှင့် အတူရှိနေမည်ဟု မျှော်လင့်နိုင်ပါသည်။

မြေနုံသင်းသောလွမ်းချင်းများကို မြေနှင့်သင့်သောလူတို့ လွမ်းနေ ကြပါလိမ့်ဦးမည်။ ။

ငါ့တည်းသိမှူ သူလည်း သိစိမ့် (နာရဒပျို့)

ဦးအောင်သောင်း

၈-၄-၂၀၂၂

mgyoe.com

mgyoe.com SAMPLE BOOK


## လွမ်းချင်းကဗျာများ

ကဗျာဗန္ဓသာရကျမ်းပြုပုဂ္ဂိုလ် ပုဂံဝန်ထောက်မင်း ဦးတင် (K.S.M.A.T.M)၏ အလိုအားဖြင့် 'မြန်မာကဗျာအမျိုးအမည်ပေါင်း ၃၆ မျိုး ရှိသည်' ဟု သိထားကြသည်။ လင်္ကာကဗျာ ၁၄ မျိုးနှင့် သီချင်းကဗျာ ၂၂ မျိုးတို့ပင် ဖြစ်ကြသည်။ ထို ၂၂ မျိုးစာရင်းတွင် 'လွမ်းချင်း' အမည်ကို မတွေ့ရ။

ဒေါက်တာမေမျိုးလှက ကဗျာအမျိုးအမည် ဦးရေအတိအကျ သိနိုင်ရန် စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖော်ထုတ်သောအခါ၊ 'ကဗျာမျိုးရင်းပေါင်း ၂၇ မျိုး၊ မျိုးစိတ်ပေါင်း ၁၄၁ မျိုးရှိကြောင်း' တွေ့လာရသည်။ ဒေါက်တာမေမျိုးလှက ပါရဂူဘွဲ့အတွက် တင်သွင်းရန် ကျယ်ပြန့်စေ့စပ်စွာ ပြုစုထားသောကျမ်း ဖြစ်သဖြင့် ခိုင်မာသောတွေ့ရှိချက် ဖြစ်ပေမည်။

ကဗျာအမျိုးအမည်ဦးရေ ဤသို့ တိုးပွားလာခြင်းမှာ ကုန်းဘောင်ခေတ်တွင်မှ ပေါ်ထွန်းဖွံ့ဖြိုးလာသော သီချင်းကဗျာတို့၏ အရေအတွက်ကြောင့် ဖြစ်၏။ တိုးတက်လာသော သီချင်းကဗျာတို့မှာလည်း များသောအားဖြင့် ကျေးလက်ပြည်သူတို့၏ ဘဝကို အခြေခံသော အကြောင်းအရာများပါလာသည့် ကဗျာများ ဖြစ်ကြသည်။ ကျေးလက်လူနေမှုဘဝ ပေါ်လွင်သော ကဗျာတို့တွင် လွမ်းချင်းကဗျာတို့သည် ထင်ရှားသည်။

mgyoe.com

mgyoe.com SAMPLE BOOK


## 'လွမ်းချင်း' ဟူသည်

ဤကဗျာမျိုးကို အဘယ်ကြောင့် 'လွမ်းချင်း' ဟု ခေါ်သနည်း။ အဘယ်ကြောင့် 'လွမ်းချင်း' ဟု တွင်သနည်း။ ပျို့, မော်ကွန်း, ချောင်း, တေးထပ်, ဘောလယ် စသည့်အမည်များ ခေါ်ရခြင်း, တွင်ရခြင်းတို့၌ အရင်းခံအကြောင်းများ ရှိကြသည်။ လွမ်းချင်းကဗျာမှာလည်း ဤသို့ အကြောင်း ရှိလေသလော။

နန်းခလေ့ ကျမ်းအငွေ့အခြေခံသော လွမ်းချင်းများတွင် ဖြစ်စေ၊ ရပ်ခလေ့ ကျေးလက်အငွေ့ကို အခြေခံသော လွမ်းချင်းများတွင် ဖြစ်စေ 'လွမ်း' ဟူသောစကားများသည် များစွာပင် ပါဝင်နေသည်။

'ဘော်ငွေကမ်းက၊ လွမ်းလှတယ်လေး။'-မဟာအတုလမင်းကြီး
'ရွှေရင်ညွန့်မှာ၊ လွမ်းကွန့်တယ်လေး။'-လှိုင်ထိပ်ခေါင်တင်
'မို့မော်စွန်းကို၊ လွမ်းလှတယ်လေး။'-သာဝတ္ထိဦးကြီး
'စံရာကွန်းကို၊ လွမ်းလှတယ်လေး။'-ဖိုးသူတော်ဦးမင်း
'သဲသောင်ငယ်စွန်းက၊ လွမ်းလှတယ်လေး။'-ဦးလူကလေး

စသည်ဖြင့် လွမ်းစကား ဆွေးစကားများကို သုံးထားတတ်ကြသည်။ ဤလွမ်းစကားများကို အစွဲပြု၍ 'လွမ်းချင်း' အမည်တွင်လေသလား။

## လွမ်းချင်းနှင့် လွှင့်သံ

အများသိထားကြသည့် လွမ်းချင်းကဗျာပုံသဏ္ဌာန်များကိုပင် 'လွှင့်သံ' ဟု သဗ္ဗဂီတဏ္ဍမပကာသနီကျမ်းက မှတ်တမ်းပြုထားသည်။ ထိုကျမ်းပါ ကဗျာစုတို့ကား စာချစ်သူ ရှေးဆရာအဆက်ဆက်တို့က ခေတ်ပြိုင်အမည်များကို မှတ်တမ်းပြုထားခြင်း ဖြစ်သဖြင့် လွှင့်သံအမည်ကို ထိုခေတ်က သုံးခဲ့သည်မှာ သံသယဝင်ဖွယ် မရှိနိုင်။ သို့ဆိုလျှင် ထိုအမည် ၂ ခုကို အပြိုင်သုံးခဲ့ကြခြင်း မဖြစ်နိုင်သလော။

mgyoe.com

mgyoe.com SAMPLE BOOK



'လွင့်သံ' ဟု အဘယ်ကြောင့် တွင်ပါသနည်း။ များသောအားဖြင့် လွမ်းချင်းများကို ကျေးလက်တောရွာတို့၌ အသုံးများကြောင်း သိရသည်။ ကျေးရွာတို့၌ စာအဖြစ်သာမက သီချင်းအဖြစ်ပါ သုံးကြလိမ့်မည်။ မြောက်ဘက်သံလွမ်းချင်းများကို လယ်ထွန်ရာ၊ ပျိုးနုတ်ရာ၊ ကောက်စိုက်ရာ၊ ထင်းခွေရေခပ်ရာတို့၌ သီဆိုကြမည်။ ရွာ၏အပြင်ဘက် ကွင်းပြင်ကျယ်ကြီး ထဲ၌ ဆိုခွင့်ရခြင်းကြောင့် အသံကို မြှင့်၍လွင့်၍ ဆိုကြလိမ့်မည်။ ရင်ထဲက ခံစားချက်ဖြစ်လျှင် အသံကုန်ဟစ်၍ ဆိုကြလိမ့်မည်။ ဤသို့ မြှင့်၍လွင့်၍ ဆိုကြသဖြင့်လည်း အဆိုပါသီချင်းကို 'လွင့်သံ' ဟု ခေါ်ခြင်း ဖြစ်နိုင်သည်။ ဤသို့ ဆက်စပ်စဉ်းစားစရာ အထောက်အထားလည်း ရှိနေသည်။

၁။ ရွာကြီးမြောက်က၊ သောက်ရေကန်များ၊ ညံတကြော်ကြော်။
သံစုံငယ်ပြွတ်ပါလို့၊ တေးလွှတ်ကာ အော်ကြတယ်။
('ခံစပျစ်ကယ်နှင့်'-ချီ)

၂။ အင်နီးတွင် သူငါဆင်းပါလို့၊ မူရာချင်း မြို့သူမီပေါင်၊
တို့တူညီသံချိုငယ်နှင့်၊ ဖန်ညိုအေးချိန်လောက်ဆီမှာ၊
('မိုးစရိုက်ပေမို့'-ချီ)

၃။ သနပ်ခါးတစ်ကွက်၊ နံ့တစ်စက်ကယ်နှင့်၊ တွဲလျက်တူညီ၊
စိုက်လယ်ကွင်း၊ သီချင်းသံဟည်တော့၊
('ရွာအကြိုက်ပေမို့'-ချီ)

-ဟူ၍ ဖွဲ့ဆိုထားကြပေရာ၊ ညံတကြော်ကြော် စကား၊ တေးဟစ်ကာအော် စကား၊ တို့တူညီသံချိုငယ် စကား၊ သီချင်းသံပြိုင်ဟည်တော့ စကားတို့သည် ကျေးလက်သူတို့အဖွဲ့လိုက် သံပြိုင် အော်ဟစ်သီဆိုကြကြောင်း သိရသည်။ 'တကြော်ကြော်၊ အော်၊ ဟည်း' စကားတို့က အသံကုန်မြှင့်ကာလွင့်ကာ သီဆိုကြကြောင်း ထင်ရှားစေတော့သည်။ လွင့်၍ ဆိုသောကြောင့်လည်း <u>လွင့်သံ</u> ဖြစ်တည်လာသည်ဟု ယူဆနိုင်ပြန်သည်။

mgyoe.com

mgyoe.com SAMPLE BOOK



**ဒေသိယစကားနှင့် အသံထွက်**

လွမ်းချင်းနှင့် လွှင့်သံတို့တွင် ပါရှိသော 'လွမ်း' နှင့် 'လွှင့်' တို့သည် ရင်းမြစ်တစ်ခုတည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

'လွမ်း' စာလုံးပေါင်းကို ရှေးအစဉ်အဆက်က 'လွန်း/Lu:/'ဟု အသံထွက်ခဲ့ကြောင်း' နဘေထပ် ကာရန်သုံးပုံများကို ထောက်ဆ၍ သိနိုင်သည်။ သာဓကများကား-

'မြို့လုလင် သာတဲ့ကွန်းဆီသို့
တို့သခင် စာဖွဲ့ညွန်းလိုက်ကဲ့
ဒါနဲ့ လွမ်းကြပေရော့ကွာ။'-ဦးလွန်း

'ကွန်း၊ ညွန်း' တို့နှင့်အတူ 'လွမ်း'ကိုလည်း 'လွန်း/Lŭ:/' ဟုပင် ဖတ်ခဲ့ ရွတ်ခဲ့ ဆိုခဲ့ပေမည်။ လွမ်းချင်းကဗျာများထဲမှာပင် ဤသို့ အသံထွက်ရန် သိစေနိုင်သည့်ကာရန်များ ရှိနေကြသည်။

'ထပ်ထပ်စည် နတ်ပြည်လို ထွန်းချိန်မို့၊
ပုဏ္ဏားမာ ယုန်လွှာဝန်းကို
လွမ်းလှတယ်လေး။'-ဦးလှကလေး

ထပ်ကျော့ပိုဒ်တို့တွင် ပါကြသည့် 'ထွန်း၊ ဝန်း' နှင့်အတူ 'လွမ်း' ကိုလည်း 'လွန်း/Lŭ:/' ဟုသာ ရွတ်ကြလိမ့်မည်။

'မရောက်လာ မြို့တော်ယွန်းဆီက
ကန်သင်းခုံ မို့မော်စွန်းကို
လွမ်းလိမ့်မယ်လေး။'-ဦးကြီး

ဤတွင်လည်း အသံညီယူထားသည့် 'ယွန်း၊ စွန်း' တို့နှင့်အညီ 'လွမ်း' ကိုလည်း လွန်း/Lŭ:/ ဟုသာ ရွတ်ကြပေလိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK


'မလွမ်းသင့်သော်ကော့၊ ခွန်းဆင့်ငယ်ညည်းကာ။' -ဦးကြီး
'နယ်မန်းခွင် တောင်တော်ကွန်းဆီသို့၊ လွမ်းလှတယ်လေး။'
-ဦးကြီး

-စသည်ဖြင့် 'လွမ်း' ကို 'လွန်း' ဟုရွတ်ရန် လမ်းပြထားသည့် အထောက်အထားတို့ကား အလွန်များလှသည်။ အစဉ်အလာ ဖြစ်သော ကြောင့်လည်း တည်မြဲလာခဲ့သည်။

အညာကျေးလက်အချို့တို့၌ ဒေသိယအဖြစ် စကားအသုံးများ မတူသကဲ့သို့ အသံထွက်များလည်း မတူဘဲ ရှိတတ်ကြသည်။
'ဝန်ကြီး' ကို 'ဝင်ကြီး'
'ဝမ်းဘဲဥ' ကို 'ဝင်းဘဲဥ'
'ကွမ်းယာ' ကို 'ကွင်းယာ'
'ငါ့ဝမ်းပူဆာ' ကို 'ငါ့ဝင်းပူဆာ'
'ရေတွင်း' ကို 'ရေတွန်း'
-စသည့် သာဓကများရှိလေရာ၊ ထိုသာဓကနှင့် အလားတူပင် 'လွမ်းချင်း'မှ 'လွင်းချင်း' သို့လည်း ပြောင်းနိုင်သည်။ ထိုမှတစ်ဆင့် 'လွင်'၊ ထိုမှတစ်ဆင့် 'လွင့်' သို့၊ 'လွင့်'မှတစ်ဆင့် 'လွှင့်' သို့ အဆင့်ဆင့် ပြောင်းနိုင်သည်။ 'လွင့်'မှ 'လွှင့်'သို့ ပြောင်းတတ်သော နမူနာတို့ များစွာ ရှိသည်။ လက်ခေါက်လက်ဝါးအဖြစ် အပြန်အလှန် ပြောင်းခဲ့ကြသည်။ ဒေသိယစကားမျှသာ မဟုတ်။ စာစကား၊ စံစကားတို့မှာလည်း ရှိခဲ့ကြ သည်။ ရှိနေကြသည်။ အထူးသဖြင့် 'ဟထိုး'ရှိမှု-မဲ့မှုသည် များလှ၏။
'ထမင်း' ကို 'ထမှင်း'၊ 'အမှင်း' -အသံထွက်
'မင်စာ' ကို 'မှင်စာ' -မင်ဖြင့်ရေးသောစာ
'မကြာမီ' ကို 'မကြာမှီ' -အသံထွက်
'နေမဝင်မီ' ကို 'နေမဝင်မှီ' -အသံထွက်

mgyoe.com

mgyoe.com SAMPLE BOOK


'ကောက်နုတ်ချက်' ကို 'ကောက်နှုတ်ချက်' -အသံထွက်သို့ အသီးသီး ပြောင်းလဲကြပေသည်။ အပြန်အလှန်သဘောဖြင့် 'ဟထိုးသံ' ပြုတ်သွားသည်တို့လည်း ရှိကြသည်ပင်။

'ဘုရားရှင်' ကို 'ဘုရင်'

'မောင်ရှင်လောင်း' ကို 'မောင်ရင်လောင်း'

'သွားလျှင်လာလျှင်' ကို 'သွားရင်လာရင်'

-စသည့်သာဓကတို့ ဖြစ်ကြသည်။ ထို့ကြောင့် 'လွမ်းချင်း' မှ 'လွင့်သံ' သို့ ပြောင်းသွားခြင်းလည်း ဖြစ်နိုင်သည်။ အချင်းချင်း အပြန်အလှန် ပြောင်းခြင်းလည်း ဖြစ်နိုင်သည်ပင်။ ထို့ကြောင့်ပင် သဗ္ဗဂီ တက္ကမပကာသနီကျမ်းပြုရှင်တို့က လွင့်သံအမည်ကို မှတ်တမ်းထိုးခဲ့ခြင်း ဖြစ်ပေမည်။

## 'လွမ်းခြင်း'ကြောင့် 'လွမ်းချင်း'ဖြစ်

ထိုကဗျာများတွင် 'လွမ်း' ဟူသောအသုံးတို့ ပါဝင်သောကြောင့် 'လွမ်းချင်း' ဟု တွင်လာသည် ဖြစ်စေ၊ လွင့်၍မြင့်၍ ဆိုကြသဖြင့် 'လွမ်းချင်း' ဟု ခေါ်လာသည် ဖြစ်စေ၊ 'လွမ်းချင်း' ဟု တွင်လာခြင်းမှာလည်း လွမ်းခြင်းကြောင့်သာ ဖြစ်ဖို့ ပိုများသည်။ လွမ်းချင်းကဗျာကို ရွတ်ဖတ်သော အခါ သီဆိုသံ ကြားရသောအခါတို့၌ လွမ်းရခြင်းကြောင့် လွမ်းချင်း ဖြစ်လာရခြင်းသည် အဓိကအကြောင်းရင်း ဖြစ်ပေမည်။

ဤအရာ၌ 'လွမ်း' ဟုပင် သုံးလိုက်သော်လည်း လွမ်းဆွေးခြင်း မျိုး မဟုတ်။ လွမ်းဆွတ်ခြင်းမျိုးသာ ဖြစ်သည်။ လွမ်းသဖြင့် ကြည်ညွတ် ဆွတ်ပျံ့ခြင်းကို ဆိုလိုသည်။

လူတို့၌ အစွဲအလမ်းသဘော ရှိကြသည်။ ဤနေရာတွင် 'အစွဲ အလမ်း' ဆိုသည်ကား မိမိပျော်မွေ့ခဲ့ဖူးသော နေရာ၊ မိမိကြည်နူးခဲ့ရဖူးသော အဖြစ်အပျက်၊ မိမိမြတ်နိုးခဲ့ရဖူးသော ပုဂ္ဂိုလ်တို့နှင့် ပြန်လည်ဆုံတွေ့ရလျှင် အတိတ်၏အတွေ့ကို သတိရလျက် နှစ်သက်ဝမ်းသာကြမြဲ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


ထိုသို့သောနေရာ၊ အခြင်းအရာ၊ ပုဂ္ဂိုလ်တို့နှင့် တိုက်ရိုက်မတွေ့ရငြားလည်း ထိုအရာရာတို့၏ အကြောင်းကို ရေးဖွဲ့သည့်စာ၊ သီချင်းတို့ကို ဖတ်ရ နာရသောအခါတို့မှာလည်း အတိတ်ကို ပြန်လည်သတိရကြသည်။ လွမ်းဆွတ်ကြည်နူးကြရသည်။ လွမ်းချင်းကဗျာများကလည်း ဤသို့သော လွမ်းဆွတ်ကြည်နူးခြင်းမျိုးကို ဖြစ်စေနိုင်သည်။ အထူးသဖြင့် သာဝတ္ထိဦးကြီး၏ 'မြောက်ဘက်သံ' လွမ်းချင်းတို့သည် ဤသို့သော သဘောများကို ဆောင်ကြဉ်းထားကြသဖြင့် ဖတ်ရလျှင် ဆွတ်ပျံ့ကြည်နူးရသည်။ ဖတ်ပြီး နာပြီးသည့်အခါတိုင်းလည်း တသက်သက် စွဲမက်နေတတ်ကြသည်။

မြန်မာ့ကျေးလက်နေ ပြည်သူတို့သည် လွမ်းချင်းပါ အခြေအနေ၊ အချက်အလက်၊ အခြင်းအရာတို့နှင့် ဆုံတွေ့ဆက်ဆံနေတတ်ရကား၊ ထိုသဘောများပါသည့် လွမ်းချင်းများကို ဖတ်ရလျှင် နာရလျှင် အတိတ်ဘဝသို့ ရောက်လိုက်ရသလို ကြည်ညှတ်ဆွတ်ပျံ့ခြင်း ဖြစ်လိုက်ကြရသည်။ ဤသည်လျှင် လွမ်းခြင်းပါတည်း။ ဤလွမ်းခြင်း၏ စာသည်ပင် 'လွမ်းချင်းကဗျာ' မည်တော့သည်။

လွမ်းချင်းအများစုတို့သည် ဤသို့သော သဘောရှိသောကြောင့် စာရေးဆရာကြီးဇေယျက ဤသို့ ဆွေးနွေးရေးသားထားပါသည်။

'လာဟော့ ဒွါး- လက်ပံပွင့်ခြောက် အနားလန်တွေကို သွားကောက်ရအောင်'-ဆို၍ မလွမ်း။

'သွားကောက်ချေစို့၊ ပွင့်ခြောက်ကယ် အနားလန်' ဆိုမှ လွမ်းသည်။

စကား ၂ ရပ် အဓိပ္ပာယ်တူ စကားတူ ဖြစ်သည်။

သို့ဖြစ်ပါလျက် တစ်ခုက လွမ်း၍၊

တစ်ခုက အဘယ်ကြောင့် မလွမ်းပါသနည်း။

တစ်ခုက အရသာပေါ်လျက်

တစ်ခုက အဘယ်ကြောင့် အရသာ မပေါ်ပါသနည်း။

mgyoe.com

m g y o e . c o m SAMPLE BOOK


ဆရာကြီး၏ ဤဆွေးနွေးချက်ကို ကြည့်လျှင် လွမ်းချင်းကဗျာ 'လာဟော့ ဒြါး-'၏ လွမ်းရပုံနှင့် အရသာရှိပုံကို ထင်ရှားစွာ သိရသည်။ ထိုလွမ်းရခြင်း, အရသာရှိခြင်းတို့သည်ပင် လွမ်းချင်းကဗျာတို့၏ ပင်ကိုအစွမ်း, ပင်ကိုအနှစ်တို့ ဖြစ်ကြပါသတည်း။

တစ်ဆက်တည်းပင် ဆရာကြီး၏ ဆွေးနွေးချက်မှ စာပေသဘောတစ်ရပ်ကိုလည်း တွေ့လိုက်ရသည်။ 'အနုပညာလက်ရာမှ ရရှိသော 'အလွမ်း' ဟူသည် စာပေသုံးရသ (သက္ကတ)ပင် ဖြစ်သည်။'-ဟူသော အသိ ဖြစ်တော့သည်။ မှန်သည်။ မြန်မာတို့၏အစဉ်အလာ၌ 'ရသ' ဟူသော စာပေဝေါဟာရကို အရပ်စကား, စာစကားအဖြစ် မသုံးခဲ့ကြ။ 'လွမ်း' ဟူသောစကားကိုသာ အစဉ်သုံးခဲ့ကြသည်။ လေ့လာကြည့်လျှင် တွေ့ထိသိရှိနိုင်ပါသည်။ ရသဝေါဟာရကို စာပေလေ့လာရေးကျမ်းများမှာသာ သုံးခဲ့ကြပါသည်။

ထို့ကြောင့် 'လွမ်းချင်း' ဟူသော ဝေါဟာရသည် လွမ်းခြင်း (ရသ)ကြောင့် ဖြစ်လာရသည်ဟု ဆိုနိုင်ပါပြီ။

## လွမ်းချင်း၏ လွမ်းခြင်း

လွမ်းခြင်းကဗျာတို့၌ လွမ်းရခြင်းအာနိသင်တို့ ကိန်းဝပ်ကြောင်းကို အကျဉ်းမျှ ပြပြီးခဲ့ပြီ။ စင်စစ်အားဖြင့် လွမ်းချင်းကဗျာတိုင်းသည် လွမ်းဖွယ်ဆွေးဖွယ် ကရုဏာသက်ဖွယ်တို့ကိုချည်း ဖွဲ့ထားသည် မဟုတ်။ အချစ်အကြောင်း, စစ်အကြောင်း, နန်းတော်အကြောင်း, နွံတောအကြောင်းတို့လည်း ပါသည်။ မည်သည့်အကြောင်းကိုပင်ရေးရေး လွမ်းရိပ်လွမ်းယောင်ကလေးများတော့ ပါသည်ချည်းပင်။

မဟာအတုလမင်းကြီးသည် ရာသီဘွဲ့ကို လွမ်းချင်းအဖြစ် ရေးသဖြင့် လွတ်လပ်မှု မရှိလှ။ ရာသီ၏ အမည်, နက္ခတ်, ရာသီပွဲ, ရာသီပန်းတို့ကို ပုံသေထည့်နေရသဖြင့် သဘာဝအလှ ပသာဒအလှနှင့် အလွမ်းရသတို့ကို များများမဖော်ကျူးနိုင်။ ထို့ကြောင့် သာမန်သာ လွမ်းလိမ့်မည်။

mgyoe.com

m.gyoe.com SAMPLE BOOK

လှိုင်ထိပ်ခေါင်တင်ကား ထူးသည်။ လွမ်းချင်းစာဆို ၂၀ ကျော်မျှရှိသည့်အနက် 'အမျိုးသမီးစာဆို' ဟူ၍ သူတစ်ဦးသာ ပါသည်။ လွမ်းချင်းပုဒ်ရေ အများဆုံးလည်း ရေးနိုင်သည်။ သူ၏လွမ်းချင်းတို့သည် ဇာတ်ဝင်တေးများဖြစ်သဖြင့် ဇာတ်လမ်းကိုငဲ့၍ ဖွဲ့ရသည်။ သို့ဖြစ်သည့်တိုင် ကျစ်ကျစ်လျစ်လျစ်ဖြင့် လွမ်းစရာလေးများ မြိုးမြိုးမြက်မြက်ပါသည်။ ထူးသည်ကား နန်းတွင်းမွေးနန်းတွင်းကြီး နန်းထီးလျာ၏ ကြင်ရာဇနီးဖြစ်ပါလျက်၊ ကိုကရင်တို့၏ ဆူးထိုးစရိုက်, ဆေးရှိုက်ခလေ့ စသည်လေးများကို နှိုက်နှိုက်ချွတ်ချွတ် ရေးဖွဲ့နိုင်ခြင်းပါတည်း။ ကျမ်းရနံ့, နန်းရနံ့များလှိုင်နေသည့်ကြားမှာပင် တောငွေ့တောင်ငွေ့လေးများ ညင်းအောင်သင်းအောင် ဖန်တီးနိုင်သည်။

ကျေးလက်ဝန်းကျင် လယ်လုပ်ခွင်များမှာသာမကာ စာဖတ်ပရိသတ်, ရုပ်သေးပရိသတ်လောကသို့တိုင် ဖြန့်ကျက်နိုင်သည့် လွမ်းချင်းများကား သာဝတ္ထိဦးကြီး၏ လက်ရာများပါတည်း။ ဦးကြီး၏ ထိုလက်ရာများကြောင့်ပင် လွမ်းချင်းအမည်သည် တည်တံ့ခိုင်မြဲနေဖွယ် ဖြစ်သည်။

လွမ်းချင်းစာဆိုအများစုတို့သည် မိမိတို့ လွမ်းချင်းများကို လွမ်းလာစေရန်၊ လွမ်းကျန်ရစ်စေရန် ဖွဲ့ဆိုနိုင်ကြသည်ဟု ဆိုပါခည်။ ထိုသူတို့အထဲမှ သာဝတ္ထိဦးကြီးသည်ကား လွမ်းဆွတ်တသသ ကျန်ရစ်ကြစေရန်၊ တသက်သက် စွဲမက်စိမ့်ဝင် ဂျာန်ရစ်စေရန်အထိ ဖန်တီးနိုင်သည်။ ဦးကြီးသည် ဝန်းကျင်ဒေသ၏ ဝတ်ပုံစားပုံ, ခံစားပုံများကို ဒေသသုံး, လုပ်ငန်းသုံးစကားလုံးတို့ဖြင့် ပီပြင်ပုံပေါ်အောင် ဖော်ဖွဲ့ထားရုံသာမက၊ မထိတထိ ကလိလိဖြင့် ဖြစ်စေ, ငေါ့တော့တော့ ငဲ့တဲ့တဲ့ဖြစ်စေ သရော်ရေးသားလေ့ရှိရာ ထိုအရေးအဖွဲ့တို့က ပို၍ ဆွဲဆောင်နိုင်အား ရှိသည်။ ပို၍နှစ်သက်စေသည်။ 'သရော်လှောင်ပြောင်သည်' ဆိုရသော်လည်း ဖိနှိပ်စော်ကားလိုသောသဘော မပါ။ ထိခိုက်နစ်နာစေလိုသောမနော မရှိ။ အချင်းချင်း ပျော်စေပြက်စေ ကလက်စေသဘောသာ ပါသည်။ အချင်းချင်းတို့၏ အားနည်းမှုကို

m.gyoe.com

mgyoe.com SAMPLE BOOK


ပြုံးပြုံးပျော်ပျော် သတိပေးသော စေတနာပြယုဂ်ကို တွေ့ရသည်။ ဦးကြီးသည် မိမိကိုယ်တိုင် မင်းမှုထမ်းဖြစ်သော်လည်း ဘဝတူဝန်ထမ်းများကိုပင် သရော်သည်မှာ မိမိအမြင်မှန်ကို လုပ်ဖော်တို့ ရိပ်မိရန်၊ ရှက်ပြုံးပြုံးနိုင်စေရန်၊ ဆင်ခြင်ပြင်ဆင်နိုင်စေရန်သာ သဘောထားကြောင်း သိနိုင်သည်။ ဤသဘောထားသည် အကောင်းမြင်ဖြစ်သဖြင့် တန်ဖိုးမြင့်အလှပင် ဖြစ်တော့သည်။ ထိုအလှသည် လွမ်းချင်း၏အလှတရား မည်ထိုက်ပေ၏။

သာဝတ္ထိဦးကြီး၏ လွမ်းချင်းများ ကောင်းကြသည်မှာ ထိုသဘောထားအလှသည် ပဓာနအကျဆုံး ဖြစ်တော့သည်ဟု ဆိုနိုင်ပေမည်။

သာဝတ္ထိဦးမျှင်၏ လွမ်းချင်းများသည်လည်း မှတ်မှတ်ရရ စွဲစေနိုင်သည်။ ဖို၊မတို့၏ အခြေခံသဘာဝကို လှစ်ဟထားသဖြင့် ကြမ်းသည်ဟု ဆိုစရာရှိသော်လည်း၊ အကြမ်းလှဂုဏ်ကို ဆောင်နိုင်သဖြင့် ထူးသည်ပင်။ ဤကဗျာတို့ 'လွမ်းချင်း' ဟု တွင်လာခြင်းသည် ဤသို့သော လွမ်းဆွတ်ဖွယ်အလှများကြောင့် ဖြစ်သည်ဟု ဆိုနိုင်ပါလိမ့်မည်။ ယူတတ်သူတို့အဖို့ ဆင်ခြင်စရာ ပြင်ဆင်စရာတို့ပါတည်း။

## လွမ်းချင်းစာဆိုနှင့် လွမ်းချင်းသမိုင်း

လွမ်းချင်းကဗျာသည် ကုန်းဘောင်ခေတ်ဦးကပင် စတင်ပေါ်ထွန်းခဲ့ကြောင်း ခန့်မှန်းကြသည်။ 'သဝန်စိုက်ပါလို့' ချီ လွမ်းချင်းသည် ညောင်ရမ်းခေတ် သက္ကရာဇ် ၉၀၀ ခန့်က ပေါ်သည်ဟု အဆိုရှိသော်လည်း အထောက်အထားကား မတွေ့ရ။ ညောင်ရမ်းခေတ်တွင် ကျေးလက်အခြေပြုအိုင်ချင်းကဗျာနှင့် တျာချင်းကဗျာတို့ ပေါ်နေပြီး ဖြစ်သဖြင့် လွမ်းချင်းကဗျာဗီဇလည်း သန္ဓေတည်နိုင်သည်။ ဖြစ်နိုင်လောက်သည်ကား 'အလောင်းမင်းတရားလက်ထက်က စတင်ပေါ်သည်'-ဟူသော ခန့်မှန်းချက် ဖြစ်သည်။

အလောင်းမင်းတရားကြီးလက်ထက်မှာပင် ရွှေဘိုဖုံကြီးသံသီချင်းများ ပေါ်နေပြီဟု ဆိုကြသည်။ ဖုံကြီးသံသီချင်းနှင့်လည်း တူလျက် လွမ်း
mgyoe.com

mgyoe.com

SAMPLE BOOK



ချင်းဟန်လည်းပါသော ကဗျာတစ်ပုဒ်မှာ

'မလေးဖျက်၊ မြောက်ဘက်ကယ်တဲ့ ကုန်းဘောင်၊
မောင်ဆောင်လို့ သွားပါတော့၊ ရွှေစားပိုင် မောင်ရဲ့လေး။
တစ်ပင်ထွက်ထွက်၊ တစ်ခက်ခိုခို၊ ရောက်ဖူးတယ်ဆိုရအောင်၊
ပြည်ရွှေဘို ပျိုငယ်ကြိုက်တယ်၊ လိုက်ခဲ့ကွဲ့လေး။'

ဤကဗျာ ဖြစ်သည်။ ဤသီချင်းသည် လွမ်းချင်းနှင့် အလုံးစုံ နီးပါး တူသည်။ မြောက်ဘက်သံ အကြောင်းအရာချင်းလည်း တူသည်။ ရေးဖွဲ့ပုံ ပုံသဏ္ဌာန်ချင်းလည်း နီးစပ်သည်။ ရုတ်တရက် ဖတ်လိုက်လျှင် 'တစ်ခက် ခိုခို၊ ရောက်ဖူးတယ် ဆိုရအောင်' စာပိုဒ်သည် ခြသေ့်လည်ပြန် ကာရန် ဖြစ်သည်ဟုပင် ထင်ရသည်။ ဤကဗျာသည် လွမ်းချင်းကဗျာ၏ ပေါ်သစ်စဟု ယူဆစရာပါပေ။ ထို့ကြောင့် 'ကုန်းဘောင်ခေတ်ဦးက စပေါ် သည်' ဟူသောအဆိုသည် ယုံကြည်လောက်ပေ၏။

လွမ်းချင်းကဗျာသည် ကုန်းဘောင်ခေတ်တစ်ခေတ်လုံး ဆက်ကာ ဆက်ကာ ပေါ်လာခဲ့ပြီး၊ ကိုလိုနီခေတ်တိုင်အောင်လည်း ဆက်လက်ပေါ် ထွက်နေပေသည်။ ယနေ့တိုင်အောင်ပင် ရေးနေကြသေးသည်။ ကုန်းဘောင် ခေတ် လွမ်းချင်းကဗျာစာဆိုဦးရေ ၂၀ ကျော်ရှိလျက် ကဗျာပုဒ်ရေလည်း ၁၅၀ ခန့် ရှိသည်။ ကာလအားဖြင့်လည်း ယနေ့ထိ ထွက်နေသေးသဖြင့် နှစ်ပေါင်း ၂၅၀ ကျော်ခဲ့ပေပြီ။ ထို့ကြောင့် လွမ်းချင်းကဗျာသမိုင်း ရှိထား သင့်ပြီ။ သို့သော် မရှိ။ ရှိဖို့ရန်လည်း မလွယ်လှပေ။

လွမ်းချင်းကဗျာကား ကျမ်းတတ်လောက၊ နန်းတော်လောကတို့ အဖို့ စာငယ်ပေငယ်အဆင့်သာ ဖြစ်ခဲ့သည်။ ပေမတင် ပုံမနှိပ်သော စာငယ် မျှသာတည်း။ ရေးလက်စ ပုရပိုက်အကြွင်း ပေအကျန် နေရာများမှာသာ ခိုအောင်းခွင့် ရကြရာသည်။ ဝါသနာရှင်အချို့၊ ပညာရှင်အချို့တို့ကသာ တွေ့ခိုက်ကြုံခိုက် တေးမှတ်ထားကြဟန် တူသည်။ များသောအားဖြင့် ကျေးလက်တောရွာများနှင့် ရပ်သေးစင်ပေါ်မျှလောက်သာ ရပ်ခွင့် ရကြဟန် တူသည်။ နိဒါန်းတွေ၊ နိဂုံးတွေ၊ ကျမ်းပြီးခုနှစ်တွေပါသော ကျမ်းဂန်ဝင်

mgyoe.com

mgyoe.com SAMPLE BOOK


စာပေမျိုး မဟုတ်သဖြင့် မှတ်တမ်းမှတ်ရာများ မပါမရှိ။ နှစ်သက်သူတို့၏ နှုတ်တက်သံက်ဆင်းလာကြခြင်း ဖြစ်သောကြောင့် မူကွဲများ အတော်များလေသည်။ စာဆိုအစဉ်ကို ရှာတွေ့ဖို့ ခက်ခဲလှသည်။ ထိုစာဆို၊ ထိုကဗျာတို့၏ ဝါစဉ်ကိုလည်း နှောင်းလူတို့ ဆက်စပ်မှတ်တမ်းတင်ထားခြင်းမျိုး မရှိခဲ့ဖူးသေးချေ။

'လွမ်းချင်းစာဆို' အမည်ခံ ပုဂ္ဂိုလ်တို့၏ ဝါစဉ်ကိုမူ မောင်သုတ၏ စာဆိုတော်များ အတ္ထုပ္ပတ္တိကို ကိုးကားဖော်ပြနိုင်ဖွယ် ရှိသည်။ သို့သော် ထိုစာဆိုတို့သည် မည်သည့်အသက်အရွယ်တွင် လွမ်းချင်းရေးကြောင်း မသိနိုင်ပြန်သဖြင့် ကဗျာဝါသက်ကို မသိနိုင်ပြန်ပေ။ တချို့လွမ်းချင်းစာဆိုများမှာ အမည်များ ရှိနေသော်လည်း စာဆိုတော်များအတ္ထုပ္ပတ္တိကျမ်းတွင် မပါဝင်ကြသေးပေ။

ခန့်မှန်းကြည့်ရပါလျှင် မဟာအတုလမင်းကြီး (ဦးအေး)သည် အစောပိုင်းတွင် ပါဝင်ဖွယ်ရှိသည်။ မင်းကြီးသည် လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံနှင့် မယ်ရွှေတို့၏သား ဖြစ်သည်ဟု တွေ့ရသဖြင့် ဖြစ်သည်။ အမတ်ကြီးကို မဲဇာတောသို့ပို့သူမှာ 'ဆင်ဖြူရှင်မင်း' ဟု ယူဆကြသည်။ မဲဇာတောသို့ အပို့ခံရခါနီး၌ အမတ်ကြီးက သားများကို ရှင်ပြုပေးခဲ့သေးကြောင်း ဇာတ်သဘင်ပညာရှင်တို့က တင်ဆက်ပြသတတ်ကြသည်။ ဤအချက်သာ အမှန်ဖြစ်ခဲ့ပါက ဆင်ဖြူရှင်မင်းလက်ထက်ကပင် မောင်အေး (ဦးအေး)သည် ရှင်သာမဏေပြုချိန်အရွယ် ဖြစ်နေပြီဟု ယူဆနိုင်သည်။ ထို့ပြင် လက်ဝဲသုန္ဒရအမတ်ကြီး၏ ရတုစာတွင်လည်း

'အိမ်သူချောသွယ်၊ သုံးယောက်မယ်နှင့်၊
ပင်လယ်ခြားရာ၊ ခရီးကွာသို့၊
မှာလည်းမကြား၊ သွားလည်းမသင့်၊'-ဟု ဆိုသဖြင့် 'သုံးယောက်မယ်' ဟူသည် ဇနီးမယ်ရွှေနှင့် ရင်သွေး ၂ ယောက်ကို ရည်ညွှန်းကြောင်း အစဉ်အဆက် ယူဆကြသည်။ ထို့အပြင်

mgyoe.com

mgyoe.com  SAMPLE BOOK 

'နှစ်ပါးမျက်ခြည်၊ သားနှင်းရည်သည်၊
ရွှေလည်ဆွဲချင်ရှာလိမ့်တကား။'

စာသားကလည်း အထက်ပါအယူအဆကို ထောက်ခံပေးပြန်သည်။ အမတ်ကြီး မဲဇာတော ထွက်လာချိန်၌ သားသမီးများ ရှိနေပြီ။ ထိုသားကား 'မောင်အေး'ပေလား။

သို့ရာတွင် 'အိမ်သူချောသွယ် သုံးယောက်မယ်' ဟူသောစကားမှာ ဦးမြတ်စံ၏ ဇနီး ၃ ဦးပင် ဖြစ်ကြောင်း ရှာဖွေဖော်ထုတ်ကြပြန်ရာ အထက်ပါတွေးဆချက်သည် ဝေဝါးသွားပြန်ပါသည်။

လွမ်းချင်းပုဒ်ရေ အများဆုံးနှင့် အထင်ရှားဆုံး လွမ်းချင်းများ ရေးသားသူ ၃ ဦး ရှိသည်။ ဦးအေး၊ လှိုင်ထိပ်ခေါင်တင်မင်းသမီးနှင့် သာဝတ္ထိဦးကြီးတို့ ဖြစ်ကြသည်။

'မောင်အေးသည် စစ်ကိုင်းမင်းသား (ဘကြီးတော်လောင်းလျာ) နှင့် ငယ်သူငယ်ချင်းဖြစ်သဖြင့် မဟာအတုလမင်းကြီးဘဝတွင် ဘကြီးတော်မင်းတရား၏ ရာဇအန္တရာယ် ကင်းလွတ်ခွင့်ရသည်။'-ဟု မောင်သုတက ဆိုထားပေရာ၊ ဘကြီးတော်မင်းဖြစ်သော သက္ကရာဇ် ၁၁၈၁ ခုတွင် ဦးအေး၏အသက်သည် ၆၁ နှစ်ခန့် ရှိနေပြီ။

လှိုင်မင်းသမီးက သက္ကရာဇ် ၁၁၉၅ ခုတွင် လည်းကောင်း၊ သာဝတ္ထိဦးကြီးက ၁၂၀၀ ပြည့်ခန့်တွင် လည်းကောင်း မွေးဖွားခဲ့ကြသဖြင့် ဦးအေး ကွယ်လွန် (၁၁၉၀ ခန့်)ပြီးနောက်မှ မွေးဖွားခဲ့သည့်အစိပ္ပာယ် ဖြစ်သည်။ ထို့ကြောင့် ဦးအေး၏လွမ်းချင်းများသည် ကျန်စာဆို ၂ ဦး၏ လွမ်းချင်းများထက် စောသည်ဟု ပြောရလိမ့်မည်။ ဦးအေးသည် လွမ်းချင်း ကဗျာ၏ ပုံသဏ္ဌာန်နှင့် အာနိသင်ကို ရွှေဘိုဘက် မိဘတို့နှင့် အတူနေစဉ်ကပင် ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်လိမ့်မည်။ ထို့ကြောင့်လည်း အရွယ်ရောက်လာသောအခါ၊ သို့မဟုတ်-နန်းတော်ရောက်လာသောအခါ ရာသီဘွဲ့များကို

mgyoe.com

mgyoe.com
SAMPLE BOOK


လွမ်းချင်းပုံသဏ္ဌာန်ဖြင့် ဖွဲ့ဆိုခြင်း ဖြစ်ပေလိမ့်မည်။ ထိုပုံသဏ္ဌာန်ကိုပင် အိမ်ရှေ့မိဖုရား ယူ၍ ရေးပေလိမ့်မည်။

လှိုင်ထိပ်ခေါင်တင်နှင့် သာဝတ္ထိ ဦးကြီး-၂ ဦးကို နှိုင်းယှဉ်ပြန်လျှင် လှိုင်မင်းသမီးက ဦးကြီးထက် အသက် ၅ နှစ် ပိုကြီးသည်။ အသက်ကြီးသည်ထက် ပို၍အရေးပါသော အချက်တစ်ချက်လည်း ရှိသေးသည်။ ထိုအချက်ကား လှိုင်မင်းသမီးသည် ဂီတမိခင် စာဆိုမိခင် အနောက်နန်းမိဖုရားမပြကလေး၏ ရင်သွေးရတနာဖြစ်ခြင်း ပါတည်း။

လှိုင်မင်းသမီးသည် ငယ်စဉ်ကပင် ကဗျာစပ်နိုင်သည်။ ဝိဇယကာရီနှင့် ဣန္ဒာဝံသ-နန်းတွင်းဇာတ်တော်ကြီး ၂ စောင်ကို ၁၈ နှစ်-၁၉ နှစ်အရွယ်ကပင် ရေးသားသည်ဟု ခန့်မှန်းဆိုမိန့်ထားမှု ရှိနေသည်။ ဤအဆိုမှန်သည်ဟု မဆိုနိုင်။ အဘယ်ကြောင့်ဆိုသော် လှိုင်မင်းသမီးသည် အိမ်ရှေ့မိဖုရားဖြစ်ပြီးမှ နန်းတွင်းဇာတ်တော်ကြီးများကို ရေးသော လက္ခဏာများတွေ့ရသောကြောင့်ပါတည်း။

ကနောင်မင်းသားနှင့် လှိုင်ထိပ်ခေါင်တင်တို့သည် သက္ကရာဇ် ၁၂၁၅ ခုနှစ်တွင် လက်ထပ်ကြသည်။ လက်ထပ်ကြပြီးနောက် နှစ်အတန်ကြာမှ ဇနီးမောင်နှံတို့ ကတောက်ကဆတ်ဖြစ်ကြကာ ကနောင်မင်းသားက ဝင်ထွက်မပြု နေခဲ့သည်။ ထိုအခါမှ မင်းသားကြီး စိတ်လည်လာစေရန် လှိုင်မင်းသမီးက ဘောလယ်ကဗျာရော ဇာတ်တော်ကြီးများပါ ရေးသားသည်။

ဣန္ဒာဝံသနန်းတွင်းဇာတ်၌ ဇာတ်ဆောင်မင်းသမီး ဘဂုတာရီသည် လှိုင်မင်းသမီး၏အရိပ် ဖြစ်၏။ လှိုင်မင်းသမီးသည် မိမိရေးသည့် ဇာတ်တော်ကြီးတွင် မိမိကိုယ်တိုင် ဘဂုတာရီဇာတ်ဆောင်အဖြစ် ပါဝင်ကာ မိမိခံစားချက်ကို သက်ဆိုင်သူအား အသိပေးကမ်းလှမ်းခြင်း ဖြစ်သည်။ ထို့ကြောင့် လှိုင်မင်းသမီးရေး ဇာတ်ဝင်လွမ်းချင်းများသည် အိမ်ရှေ့မင်းသားကြီး ကနောင် ကွယ်လွန်သည့် (၁၂၂၈ ခုနှစ်) မတိုင်မီကပင် ပေါ်ထွက်

mgyoe.com

mgyoe.com SAMPLE BOOK


လာပြီး ဖြစ်လိမ့်မည်။ အိမ်ရှေ့မိဖုရား၏အသက် ၂၅-၃၀ အရွယ်မှာပင် ရေးပြီး ဖြစ်နိုင်သည်။

မှတ်ချက် ။ ။ 'သာဝတ္ထိဦးကြီး၏သား မောင်မြင့်ကို ၁၂၀၈ ခုတွင် ဖွားသည်။'-ဟူသောအဆိုမှု ရှိသည်။ ဤအဆိုသာမှန်လျှင် လှိုင်မင်းသမီးထက် အသက်ပိုကြီးနိုင်ပါသည်။

ဦးကြီးကား မြင်းစီးသူကြီး မျိုးရိုးဖြစ်လျက် ကျေးလက်မှာသာ နေကြောင်း သိရသည်။ ထို့ကြောင့် လှိုင်ထိပ်ခေါင်တင်လောက် ကဗျာရေးရန် စေ့ဆော်အား မရှိနိုင်။ အသက်ရလာမှသာ ရေးပေလိမ့်မည်။ ရေးသောအခါတွင်မူ မိမိနေထိုင်ကျက်စားရာ ဝန်းကျင်သရုပ်များကို ရေးခြင်း ဖြစ်သဖြင့် လက်ရာမြောက်ခြင်း ဖြစ်သည်။

လွမ်းချင်းကဗျာသည် ကုန်းဘောင်မင်းဆက် တည်စလောက်ကပင် ပေါ်ထွန်းခဲ့လောက်ပေပြီ။ လွမ်းချင်းကဗျာများလည်း ဆက်လက်ပေါ်ထွက်လာနေပေလိမ့်မည်။ သို့သော် ဂရုတစိုက် မသိမ်းဆည်းခြင်း၊ ရာသီဥတုဘေး, စစ်ဘေးစစ်ဒဏ် ခံရခြင်းတို့ကြောင့် ပျောက်ပျက်ကုန်ဟန်တူပါသည်။ တွေ့ရသမျှ လွမ်းချင်းတို့သည် စစ်ကိုင်းမင်း ဘကြီးတော်လက်ထက်မှ သီပေါမင်းလက်ထက်ထိ အဆက်ဆက် ပေါ်လာကြသည်တို့သာ ဖြစ်ကြသည်။

ဖိုးသူတော်ဦးမင်း, သာဝတ္ထိဦးကြီး, သာဝတ္ထိဦးမှျင်, ဦးဆောင်း, စလေဦးပုည, အချုပ်တန်းဆရာဖေ, ဦးကြော့, ဦးလူကလေး, ဦးဘိုးအို, ဝေါမှူးကြီးဦးချို, ဦးသား, ဖိုးဝဇီရ, ဦးရွှေတောင်, မြို့ဝန်စာရေး ဦးဘေ, ဝန်စာရေးဦးကြီး, ဆရာမွန်း စသော လွမ်းချင်းစာဆိုတို့သည် ကုန်းဘောင်ခေတ် ဒုတိယပိုင်းမှာသာ အပြိုင်အပြိုင် ပေါ်လာကြသည်။ ဦးဆောင်းမူကား လွမ်းချင်းကဗျာ ရေးဟန်မတူ။ 'လာဟော့ ဒွါး' အချိုကဗျာကိုသာ သူ၏စာအဖြစ် ခန့်မှန်းရသည်။ ဘိုးဝဇီရသည်လည်း လွမ်းချင်းရေးသည်ဟု ဆိုထား

mgyoe.com

mgyoe.com
SAMPLE BOOK


သေးသည့်တိုင်အောင် ထိုပုဂ္ဂိုလ်ရေးသည်ဆိုသော လွမ်းချင်းအချို့သည် အခြားစာဆိုတို့၏ လွမ်းချင်းများ ဖြစ်နေတတ်သည်။ သို့သော် အမည်မသိစာဆို၏ လွမ်းချင်းအဖြစ် သတ်မှတ်ခံထားရသည့် 'လာမေ လိုက်ခဲ့တော့၊ ငယ်ကြိုက်ကယ် ကြင်ဆွေ'-အစချီ မန္တလေးဘွဲ့လွမ်းချင်းသည် ဘိုးဝဇီရ၏ ကဗျာဖြစ်ကြောင်းကိုကား သုတေသနပြုရာမှ သိလာရသည်။

ဦးကြင်ဥ, ဆတိုင်မှူတ်ဦးကူး, မော်လမြိုင်ဆရာယောနှင့် မောင်ဘိုးလှတို့သည်ကား မွေးဖွားခုနှစ် စောကြသော်လည်း အထက်မြန်မာနိုင်ငံမှ လွမ်းချင်းကဗျာ ရရှိကာ ပြဇာတ်တို့အတွက် လွမ်းချင်းများ စပ်ဆိုကြခြင်း ဖြစ်ပေလိမ့်မည်။

လွမ်းချင်းအရာတွင် သာဝတ္ထိဦးကြီး၏ လွမ်းချင်းများသည် လူကြိုက်အများဆုံးနှင့် အထင်ရှားဆုံး ဖြစ်သော်လည်း၊ ဦးခြံ၏ 'ဂနိုင်အစဆီက'ချီ လွမ်းချင်းကို အကောင်းဆုံးအဖြစ် မှတ်ယူထားကြသည်။ ထိုစာဆို၏ 'အတုမရှိပါတဲ့၊ မုနိရဲ့ဘဂဝါ'ချီ လွမ်းချင်းသည်လည်း အရှည်ဆုံး, အခံ့ဆုံးနှင့် ကျက်သရေအရှိဆုံးလွမ်းချင်းဟု မှတ်တမ်းထိုးထားကြသည်။

ကုန်းဘောင်ခေတ်နှောင်းတွင် လည်းကောင်း၊ ကိုလိုနီခေတ်တွင် လည်းကောင်း၊ လွတ်လပ်ရေးရပြီးနောက်တွင် လည်းကောင်း လွမ်းချင်းကဗျာများကို ဆက်လက်ရေးသားကြသည်။ ပုပ္ပားဦးကျော်ရင်, ဦးပြုံးချို (မဟာဂီတပေါင်းချုပ်ကြီး), မင်းသုဝဏ်, ကုသ, မြကေတု စသူတို့၏ လွမ်းချင်းများကို တွေ့ကြရသည်။ ယနေ့ (ခေတ်ပေါ်ခေတ်)မှာပင် ထိုကဗျာများကို တွေ့ကြရသည်။ ဤသို့ ရေးနေကြသည်မှာ လွမ်းချင်းကဗျာ၏ ဖော်ရွေပျူငှာမှုများကြောင့် ဖြစ်နိုင်သည်။ လွမ်းချင်းကဗျာသည် တေးထပ်ကဲ့သို့ပင် မည်သည့်အကြောင်းအရာနှင့်မဆို လက်ခံလိုက်ဖက်တတ်သောကြောင့် ဖြစ်သည်။ ကဗျာစည်းကမ်းနှင့်ကာရန်စနစ်ကလည်း သာချင်း, ဟောစာ, မေတ္တာစာတို့ကဲ့သို့ လွတ်လပ်လွယ်ကူသောကြောင့်လည်း ဖြစ်သည်။ ခြသေ့်လည်ပြန် ကာရန်တစ်ဆက် ချိတ်မိလျှင်ပင် လုံလောက်လေ

mgyoe.com

mgyoe.com
SAMPLE BOOK


ပြီ။ အထူးအားဖြင့် မြန်မာ့ကျေးလက်သဘာဝတို့နှင့် လိုက်ဖက်လှပ ပဏာရ အထာကျသောကြောင့် ဆက်လက်ပေါ်ထွက်လာဖွယ် ရှိပေသည်။

ခေတ်တွေကား အစဉ် ပြောင်းလဲနေကြသည်။ ခေတ်ကို မှီတွယ်နေကြသော စာပေတို့လည်း ပြောင်းလဲနေကြသည်။ အကောင်းဆုံး တန်ဖိုးအကြီးဆုံး အကြိုက်ဆုံးဆိုသော စာကြီးပေကြီး ဂန္ထဝင်မြောက်ကဗျာကြီးတို့တဖြည်းဖြည်း ပြတိုက်ထဲ ရောက်ကုန်ကြရပြီ။ ဤလွမ်းချင်းကလေးများလည်း တစ်နေ့တွင် အမွေခံဘဝ ရောက်နိုင်ကြသည်။ သို့သော်– လွမ်းချင်းကဗျာများ၏ ရင်ခွင်ထဲ၌ ကုန်းဘောင်ခေတ်၏ မြန်မာ့ရေးရာ လွမ်းစရာလေးများ ကိန်းဝပ်နေကြသည်။ နောင်ခါများတွင် ထိုမြန်မာ့ရေးရာ သိစရာမှတ်စရာ လွမ်းစရာလေးများကို အလွမ်းပြေ ပြန်တွေ့လိုပါလျှင် ထိုကဗျာလေးများက ပျူငှာစွာ ကြိုဆိုနေပါလိမ့်မည်။ ။

mgyoe.com

mgyoe.com SAMPLE BOOK


# လွမ်းချင်းစာဆိုနှင့် လွမ်းချင်းများ

mgyoe.com

mgyoe.com
SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



## မဟာအတုလမင်းကြီး

'မဟာအတုလမင်းကြီး' ဟု အမည်တွင်နေသည့် 'မင်းကြီး အတုလမဟာဓမ္မိကရာဇာ'ဘွဲ့ရ တရားမ-တရားသူကြီး၏ငယ်မည်မှာ 'မောင်အေး' ဖြစ်သည်။

'သက္ကရာဇ် ၁၁၂၀ ခန့်တွင် ဖွားမြင်လျက် ၁၁၉၀ ပြည့်နှစ်ခန့်တွင် ကွယ်လွန်သည်။'ဟု တွေ့ရသည်။

မိဘ ၂ ပါးမှာ မဲဇာတောင်ခြေရတုနှင့် တွဲဖက် သိနေကြသည့် 'လက်ဝဲသုန္ဒရ'ဘွဲ့ခံ ဦးမြတ်စံနှင့်ဇနီး ဒေါ်ရွှေတို့ ဖြစ်ကြသည်။

ဦးအေးသည် ဘကြီးတော်မင်းတရားကြီး၏ ငယ်သူငယ်ချင်း ဖြစ်သဖြင့် ရာဇအေန္တရာယ် ကင်းလွတ်ခွင့်ကို ရရှိထားသည်။

ရေကြည်ဝန်၊ အတွင်းဝန် မိုးနဲတပ် စစ်ကဲကြီးရာထူးများရသည့် အပြင်၊ မြင်းခုံတိုင်မြို့ကိုလည်း စားရသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


မင်းကြီးသည် ၁၂ နှစ်ရာသီများကို လွမ်းချင်းဖြင့် ဆန်းသစ်စေခဲ့သူအဖြစ် မှတ်တမ်းတင်ခံရသည်။

တွေ့ရှိရသော လွမ်းချင်းများတွင်လည်း မင်းကြီး၏ 'ထပ်ထပ်သာ စောတော့တယ်' အစချီ အပါအဝင် လွမ်းချင်း ၁၂ ပုဒ်သည် အစောဆုံး ဖြစ်နေပုံရသည်။

ဘကြီးတော်မင်းတရား၏ ငယ်သူငယ်ချင်းဖြစ်သည် ဆိုသော ကြောင့် လှိုင်ထိပ်ခေါင်တင်, သာဝတ္တိဦးကြီးတို့ထက် ဦးစွာ လွမ်းချင်းများ ရေးမည်ဟု မှန်းဆရသည်။

ရာသီဖွဲ့ကဗျာများပီပီ ရာသီ၏လက္ခဏာများကို ထည့်သွင်းဖွဲ့ဆိုရသဖြင့် တောတောင်ရေမြေ သဘာဝအလှများနှင့် လူတို့၏ အမူအရာများကို ကျယ်ကျယ်ပြန့်ပြန့် မထည့်နိုင်ခဲ့။ သို့သော် ကျစ်ကျစ်လျစ်လျစ်နှင့် လွမ်းချင်စဖွယ်ဖြစ်အောင် ဖွဲ့နိုင်သည်။

'ဤ ၁၂ ရာသီကိုဖွဲ့လာ လွမ်းချင်းများကို မဟာအတုလ မင်းကြီး သီကုံးခဲ့ကြောင်း။' ဦးကျော်ဒွန်း, ဦးပြုံးချို, ဦးချမ်းမြ, ဦးဖိုးလတ်, လှသမိန် စသူတို့က ဖော်ပြထားကြသည်။

တချို့စာအုပ်များတွင် အဆိုပါလွမ်းချင်းများကို 'ဖိုးသူတော်ဦးမင်း ရေးသည်။' ဟု ဆိုထားကြသေးသည်။

mgyoe.com

m g y o e . c o m SAMPLE BOOK


## ၁- တန်ခူးလ

မဟာအတုလမင်းကြီး

ထပ်ထပ်သာ စောတော့တယ်၊ မြကြောင်ယံရစ်သီ။
ကိုက်ဖူးငယ်စီသည်၊
ပွင့်သီ်ဂီ ရွှေရင်ခတ်ကယ်တို့၊ ရှစ်ရပ်ကယ်နယ်တစ်ခိုက၊
စိုလှတယ်လေး။

နွေခါမီငယ်၊
ရာသီမိဿ၊ ဂိမှာနမို့[၁]၊
စိတြကြယ်၊ တိမ်မိုးလယ်[၂]မှာ၊
စံပယ်ကွန့်ကာ၊ တိမ်ဖွေချာဝယ်[၃]၊
ဒေသစာလှမ်း၊ လှည့်လည်ငယ်မြန်းလို့၊
နှစ်ဆန်းငယ်သင်္ကြန်၊ သစ်သစ်သာဖန်တော့တယ်။
နိုင်ငံကြော့ပြည်သူမှာ၊ ပန်ဆုယူ တာရေသွန်းချိန်မို့၊
လွမ်းလှတယ်လေး။ ။

၁၂ ရာသီဘွဲ့လွမ်းချင်းများ

---

၁။ ဂိမန္တမို့ -ဦးပြုံးချို။
၂။ ထက်မိုးလယ် -ဦးပြုံးချို။
၃။ 'တိမ်ဖွေချာလျှင်'-ဦးချမ်းမြ။

mgyoe.com

mgyoe.com



## ၂- ကဆုန်လဘွဲ့ လွမ်းချင်း

မဟာအတုလမင်းကြီး

မြူခြေငယ်စွန်း*ပါလို့၊ နေဝန်းငယ်[၁] စက်ရှိန်။
တောက်လောင်ငယ်ထိန်သည်၊
ဖန်သူရိန်တေဇာ[၂]ကြောင့်၊
ပူဗျာပါကဲတဲ့ လကိုလေး။

ရာသီငယ်ပြီသ၊
မဟေသီလည်း ရွှေညီ ခ လို့၊
ပန်းမြ စံကားဝါ၊ ဝိသာခါနှင့်၊
တာရာခြံရံ၊ စန်းယုန်ငွေ ဖန်သည့်နှယ်၊
ဆဒ္ဒန်ပိုင့်ဖွေဘုံမှာ[၃]၊ လကဆုန် ညောင်ရေပွဲပေမို့၊
သဲလှတယ်လေး။ ။

၁၂ ရာသီဘွဲ့လွမ်းချင်းများ

* မြူခြေငယ်ဝှန်း -ဦးဖိုးလတ်။
၁။ နေဝန်းငယ် = နေနန်းငယ်။ -ဦးပြုံးချို။
၂။ ဖန်သူရိန်နေတာ -ပုပ္ပားဦးကျော်ရင်။
၃။ 'ဆဒ္ဒန်ပိုင်ဖွေပုံမှာ' -ဦးချမ်းမြ။

mgyoe.com

mgyoe.com SAMPLE BOOK


## ၃- နယုန်လ

မဟာအတုလမင်းကြီး

နတ်စည်ငယ် ရွှမ်းပါလို့၊ ခြိမ့်မွှမ်း[၁]ငယ် သံစုံ။
ကမြူးငယ် ခုန်သည်၊ လနယုန် သည်ချိန်မို့၊
မြူတိမ်လွှာ ဆိုင်းပြန်တော့တယ်လေး။

ရာသီငယ် မေထုန[၂]၊ ဆယ့်နှစ်လမို့၊
ဇေဌပြောင်ရှိန်၊ တောက်လောင်ငယ်ထိန်သည်၊
ရာဇိန္ဒနတ်၊ ပိဋကတ်မှာ၊
မပြတ်ကယ်ထွတ်စံ၊ စာညီလာ ခံသော့ခါ၊
ဗိုလ်ခြံတဲ့ရွှေလယ်မှာ၊ ငွေစံပယ် ဖြူမုလေး[၃]က၊
မွှေးလှတယ်လေး။ ။

၁၂ ရာသီဘွဲ့လွမ်းချင်းများ

---

၁။ ခြိမ့်မွှမ်း = ရိုက်မွှန်း -ဦးပုံးချို။
၂။ ရာသီငယ်မေထ -မော်ဘီမောင်ဘိုးသိန်း။
၃။ ဖြူမြတ်လေး -ဦးပုံးချို။

mgyoe.com

mgyoe.com SAMPLE BOOK


## ၄- ဝါဆိုလ

မဟာအတုလမင်းကြီး

ကိုးခွင်ငယ် မှိုင်းပါလို့၊ မြင်တိုင်းမှာတဲ့မည်းညို။
လှံ့လှဲ့ငယ်စို၊ ယုဂန္ဓိုရ် တောင်မဟာက၊
ပြုဗ္ဗာသာဠ်ထွန်းတဲ့ လကိုလေး။

ဆင်တာရာငယ်၊ ရာသီကရကဋ်၊
နရိန္ဒာလည်း၊ ညာတောင်နတ်*နှင့်၊
ဖိုလ်မြတ်ကယ်နိဗ္ဗူ၊ အောင်ဆုယူလို့၊
ရှစ်ဖြူရိပ်စံ၊ ပဥ္စင်းခံသော့ခါ၊
ရေလျှံတဲ့ ဝါဆိုမှာ၊ ပုန်းညက်ညို မာလာမင်းက၊
သင်းလှတယ်လေး။ ။

၁၂ ရာသီဘွဲ့လွမ်းချင်းများ

* ညာတော်နတ် -ဦးပြုံးချို။

mgyoe.com

mgyoe.com SAMPLE BOOK


## ၅- ဝါခေါင်လဘွဲ့ လွမ်းချင်း

မဟာအတုလမင်းကြီး

မျှော်ယောင်သာ ပန်းတော့[၁]တယ်၊ သောင်ကမ်းငယ် ပြည့်လျှံ။
နဒီငယ်ခြံသည်၊ ပြည်မင်းစံ ရွှေဘုံက၊
အကုန်ထူးတဲ့ လကိုလေး။

ရာသီသိပဟ်ငယ်၊ နေမိန္ဒရ၊ ဝါခေါင်လမို့၊
တောင်များထွတ်စွန်၊ သရဝဏ်လည်း၊ ရောင်ဝှန်တေဇာ၊
ပန်းခတ္တာနှင့်၊ ခိုင်ညှာပွင့်ကြူ၊
တိုင်းပြည်သူတို့၊ လျူစာရေးတံ၊ သဘင်စုံ ခံဆဲမို့
လွမ်းရန်ဖွယ် သည်ချိန်ကို[၂]၊
ဒေဝရိန်ပဋ္ဌုန်မှုံးငယ်က၊ မြူးလှတယ်လေး။ ။

၁၂ ရာသီဘွဲ့လွမ်းချင်းများ

---

၁။ မြော်ရောင်သာပန်းတော့ -မှော်ဘီမောင်ဘိုးသိန်း။
၂။ 'လွမ်းရန်ဖွဲ့သည်ချိန်မှာ' -ဦးချမ်းမြ။

mgyoe.com

mgyoe.com

SAMPLE BOOK


## ၆- တော်သလင်းလဘွဲ့ လွမ်းချင်း

မဟာအတုလမင်းကြီး

ရေယဉ်စမ်းငယ်နှင့်၊ သောင်ကမ်းငယ်ပြည့်လျှံ။
မြစ်လုံးငယ်ညံ့သည်၊ လော်တက်သံ မြိုင်မြိုင်နှင့်၊
လေပြိုင်ကျင်းတဲ့ လကိုလေး။

ကန်ရာသီငယ်၊ ခါမီသင့်စွာ၊
ဗွေအာကာမှာ၊ ပြဗ္ဗာဘဒြပိုဒ်၊
ကြက်ညီနောင် တောင်တစ်ဝိုက်က၊
ရေလိုက်ကယ် သဘင်၊ စံ စံပယ်ရှင်သော့ခါ၊
မြိုင်ခွင်လုံးကန္တာမှာ၊ ရွှေရင်းမာ ပန်းတော်မင်း*က၊
သင်းလှတယ်လေး။ ။

၁၂ ရာသီဘွဲ့လွမ်းချင်းများ

---

* ပန်တော်မင်းက -ဦးချမ်းမြ, ဦးပြုံးချို။

mgyoe.com

mgyoe.com SAMPLE BOOK


## ၇- သီတင်းကျွတ်လဘွဲ့ လွမ်းချင်း

မဟာအတုလမင်းကြီး

လှိုင်လှိုင်သာသင်းတော့တယ်၊ ကန်မင်းငယ်နန္ဒာ။
လျှံဝင်းငယ်ဖြာသည်၊ ပွင့်ရွှေကြာမြိုင်မြိုင်နှင့်၊
ကြိုင်ကြိုင်သင်းတဲ့ လကိုလေး။

တူရာသီဝယ်၊ အဿဝဏီကြယ်မြတ်၊
ကျီးမင်းသိန်လည်း၊ ရောင်ရှိန်လျှပ်လို့[၁]
သုဒဿကယ်နန်းလို၊ မီးမြင်းမိုရ်ရှနှင့်၊
ဝါဆိုကင်းလွတ်၊ သီတင်းကျွတ်မို့၊
ဘုံထွက်ကယ်ဥကင်၊ ဖွင့်စံပယ် ရွှင်သော့ခါ၊
တိုင်းခွင်ကြီး အောင်ချာမှာ၊ ဆီးမီးဝါ ထိန်ထိန်ဝင်းလို့၊
လင်းလှတယ်လေး။ ။

၁၂ ရာသီဘွဲ့လွမ်းချင်းများ

---

၁။ 'ရောင်ရှိန်လျှပ်လို့' -ဦးချမ်းမြ။

mgyoe.com

mgyoe.com SAMPLE BOOK

## ၈- တန်ဆောင်မုန်းလဘွဲ့ လွမ်းချင်း

မဟာအတုလမင်းကြီး

မြောက်လေငယ်သွင်းပါလို့၊ မြူနှင်းငယ်စိုစို။
မြင်တိုင်းငယ်ပျို*သည်၊ ရွှေကျိုးညိုတာရာနှင့်၊
ကြတ္တိကာထွန်းတဲ့ လကိုလေး။

တန်ဆောင်ငယ်မာသ၊ ဆယ့်နှစ်လတွင်၊
ချမ်းမြအေးရင်[၁]၊ ဗြိစ္ဆာခွင်သို့၊
ရက်ငင်ပြောင်းခွာ၊ ခဝဲညာလည်း[၂]၊
ခိုင်လှာ ဝတ်မှုန်၊ ရနံ့သာထုံတော့တယ်၊
ဘုန်းဂုဏ်ကြော့ သမ္ဘိန်မှာ၊ လှူကထိန် သဘင်ခင်းလို့၊
ကျင်းကြတယ်လေး။ ။

၁၂ ရာသီဘွဲ့လွမ်းချင်းများ

---

* မြင်တိုင်းငယ်ပြို -မော်ဘီမောင်ဘိုးသိန်း၊ ဦးပြုံးချို။
၁။ ချမ်းမြရင် -မော်ဘီမောင်ဘိုးသိန်း။
၂။ 'ခဝဲညာလည်း' -ဦးချမ်းမြ။

mgyoe.com

m gyoe.com SAMPLE BOOK


## ၉- နတ်တော်လဘွဲ့ လွမ်းချင်း

မဟာအတုလမင်းကြီး

ရှုလေတိုင်းကိုတဲ့၊ ဝေမှိုင်းငယ်ဖြာဖြာ၊
လေညင်းငယ် လာသည်၊ ဖော်မပါ တူမစုံလို့၊
လွှာခြုံ အေးပြန်တော့တယ်လေး။

ဆယ့်နှစ်ဖြာငယ်၊
ရာသီစနေ၊ ရွေဟသာ်လည်း၊ တာရာ ပြုလို့၊
ဓေယုဗြဟ္မာ၊ ဟေမန္တာမို့၊
မဟာပိန္နဲ၊ နတ်မင်းပွဲမှာ၊
ကျွေးမြဲပူဇော်၊ လနတ်တော်ကို၊
ရှုမျှော်*တိမ်ဆီ၊ မိဂသီလည်း၊
ခါညီမွှန်းလယ်၊ ထွန်းရောင်ခြည် ခြယ်သော့ခါ၊
နယ်ရွှေဝ ဉကင်မှာ၊ ဂမုန်းအင် သဇင်မင်းငယ်က၊
လင်းလှတယ်လေး[၁]။ ။

၁၂ ရာသီဘွဲ့လွမ်းချင်းများ

---

* ရှုမြော် -မော်ဘီမောင်ဘိုးသိန်း၊ ဦးချမ်းမြ။
၁။ 'လင်းလှတယ်လေး' -မူကွဲ။

mgyoe.com

mgyoe.com SAMPLE BOOK

## ၁၀-ပြာသိုလဘွဲ့ လွမ်းချင်း

မဟာအတုလမင်းကြီး

တိမ်ခြေငယ်ရှင်းပါလို့၊ မြူနှင်းငယ်စိုစို။
လပြာသို*မှာ၊ နွယ်ခွာညို မြိုင်မြိုင်နှင့်၊
လှိုင်လှိုင်သင်းတဲ့ လက်ကိုလေး။

ရောင်သီဂီငယ်၊ ကြယ်ညီဖုသျှ၊ မကာရမို့၊
ရွှေဝဥကင်၊ နန်းရင်ပြင်[1]မှာ၊
လှံ့လျှင်မြင်းခင်း[2]၊ သဘင်ကျင်းလို့၊
ရာမင်းထွက်စံ[3]၊ ဗိုလ်ညီလာခံသော့ခါ၊
ဆဒ္ဒန်ပိုင့်ပြောင်မွန်မှာ၊ အောင်တံခွန် တေဇာမြူးလို့၊
ထူးလှတယ်လေး။ ။

၁၂ ရာသီဘွဲ့လွမ်းချင်းများ

---

* ဓါပြာသို -ဦးပြုံးချို။
၁။ မင်းရင်ပြင် -ဦးပြုံးချို။
၂။ 'လှံ့ရှင်မြင်းခင်း' -ဦးချမ်းမြ။
'လှံ့ရင်မြင်းခင်း' -ဦးဖိုးလတ်။
'လှံ့ယဉ်မြင်းခင်း' -ဦးပြုံးချို။
၃။ 'ရာမင်းထွတ်စံ' -ဦးချမ်းမြ။
'ရာမင်းထွက်စံ' -ဦးဖိုးလတ်, ဦးပြုံးချို။

mgyoe.com

m g y o e . c o m SAMPLE BOOK


## ၁၁–တပို့တွဲလဘွဲ့ လွမ်းချင်း

မဟာအတုလမင်းကြီး

ညံ့လို့သာသဲတော့တယ်၊ ပေါက်လဲငယ်ပွင့်ရုံ။
ထိန်ထိန်ငယ် လျှံသည်၊ ဆက်ရက်သံစာစာနှင့်၊
ငှက်ညီလာကျင်းတဲ့ လကိုလေး။

ကုံဟေမန်*ငယ်၊
ဆင်ကြန်သွင်းမြဲ[၁]၊ တပို့တွဲမို့၊
မင်းပွဲ ရွှင်ပျော်၊ ယာဂုတော်နှင့်၊
ကြွေးကြော်ပြင်ဆင်၊ လွမ်းဖို့သာ ယင်တော့တယ်၊
ကောင်းကင်မြင့် တိမ်ဆီမှာ၊ ကြယ်မာဃီ ရောင်စုံကျင်းလို့၊
လင်းလှတယ်လေး။ ။

၁၂ ရာသီဘွဲ့လွမ်းချင်းများ

---

* ဘုံဟေမန် –မှုကွဲ။
၁။ 'ဆင်ကြန်သွင်းမြဲ' –ဦးချမ်းမြ။
သကြန်သွင်းမြဲ –မော်ဘိ မောင်ဘိုးသိန်း၊ ဦးပြုံးချို–ကဗျာဘဏ်တိုက်။

mgyoe.com

mgyoe.com

## ၁၂- တပေါင်းလဘွဲ့ လွမ်းချင်း

မဟာအတုလမင်းကြီး

မြိုင်ခြေငယ် သင်းပါလို့၊ အင်ကြင်းငယ်ရွှေဖီ။
ဝတ်မှုန် ငယ်စီသည်၊
မြစ်နဒီသောင်တစ်ခိုက၊
မောင်မယ်ညို မြူးပြန်တော့တယ်လေး။

ရာသီမိန်ငယ်၊ ဂိမှာန်*ရက်ပြောင်း၊
လတပေါင်းမို့၊ ရွက်ဟောင်းကြွေကာ၊
ဥတ္တရာနှင့်၊ ကြယ်စုံ့ ဘဒြပိုဒ်၊
လေးချက်ချိန်ကို တိမ်ခြေဆိုက်လို့၊
စရိုက်ကယ်ဖွေရှာ၊ ကိုတံငါလည်း၊
ဘာသာဒေါင်ဒင်*၊ ပျော်မြူးသာ ရွှင်တော့တယ်၊
သဘင်လခါမီကို၊ သဲစာတီ ငွေသောင်ကမ်းက၊
လွမ်းလှတယ်လေး။ ။

၁၂ ရာသီဘွဲ့လွမ်းချင်းများ

---

* ဂိမှာန် -မော်ဘီမောင်ဘိုးသိန်း။
ဂိမ္ဘန် -ဦးချမ်းမြ။
ဂိမ္ဘာန် -ဦးပြုံးချို။
(ဂိမ္ဘန်၊ ဂိမှာန်-နွေဥတု၊ နွေရာသီ။-ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်။)
* ဘာသာသောင်ခွင် -ဦးပြုံးချို။

mgyoe.com

mgyoe.com SAMPLE BOOK



# ဦးသား၏လွမ်းချင်း

'ရန်ပင်ရှက်ငယ်နှင့်' ချီ လွမ်းချင်းအမေးကို တရားသူကြီး မင်း မင်းကြီး မဟာဝမ္ဗိကရာဇာက ရေး၍ စလေဆရာကြီး ဦးပုညက ဖြေဆိုထားကြောင်းနှင့် လွမ်းချင်းစာသားနှင့်အဖြေစုံကို 'ကဗျာကြေးမုံ ပိဋကတ်ကြေးမုံ' ကျမ်း စာမျက်နှာ ၁၂၇-၁၃၄ တွင် ဖော်ပြထားသည်။

ဖိုးဝဇီရကမူ 'အထက်ဖော်ပြချက်သည် မှားကြောင်း။ လွမ်းချင်း အမေးကို ဦးသားက စပ်ဆို၍၊ ကင်းဝန်မင်းကြီး ဦးကောင်းက ဖြေဆိုထားခြင်း ဖြစ်သည်ဆိုကြောင်း။' ဖိုးဝဇီရ စာအုပ် စာမျက်နှာ ၂၇၂ တွင် မဟာဆွေက ဖော်ပြထားသည်။

ဦးသားသည် 'မည်သူမည်ဝါဖြစ်သည်။' ဟု မသိရသေး။

ဦးမြတ်စံ၏သား၊ ဦးအေး၏ညီ ဦးရွှေသားသည်လည်း သီချင်းကဗျာများရေးကြောင်း မောင်သုတက ဖော်ပြထားသည်။

ဦးသားရေးခဲ့၍ မေးခဲ့သောလွမ်းချင်းဟုလည်း ဘိုးဝဇီရ၏ အဆိုရှိပါသဖြင့် 'ဦးသား၏ လွမ်းချင်း'အဖြစ်လည်း ၄င်းပုဒ်စဉ်နံပါတ် ၆၃ ဖြင့်ပင် ဆက်ပြ ထားပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## ၁၃-ဆေးလိပ်ဖက်

ဦးသာ

ရန်ပင်ရွက်ကယ်နှင့်၊ ဓာတ်သက်ကယ်ရိုးခံ[၁]၊
ရွက်မကျန်အောင်၊ သွင်းရစ်တံ ချည်နှောင်လို့၊
အဂ္ဂိရောင် လောင်ဇောက[၂]၊ ဝါယော ကူလေနှင့်၊
ခိုးရောင်တွေ တိမ်တန်းလို့၊ ရှိုက်ပန်းကာ ရှူမပြေ[၃]နှင့်၊
ဗိုလ်ခြေ သုံးနေကျပေလေး။

ရသာငယ် တစ်စု၊ အာရုံပြုလို့၊
ရှေးဥပဒေ ဘယ်ကာလက၊ အစတော် ဖွေလေသိ၊
တွေးချေမိ စိတ်ဉာဏ်ကို၊ မြဲဇေကန် မှန်မယွင်းအောင်၊
ရှင်းတည့်ပါလေး။ ။

---

* 'မဟာအတုလမင်းကြီး ရေးခဲ့သည်။'ဟုလည်း အဆိုရှိပါသည်။ မြင်းခုံတိုင်မြို့စား တရားသူကြီး၊ မင်းကြီးမဟာစည်သူ ကရာဇာ (မဟာအတုလမင်းကြီး)၏ လွမ်းချင်းဟု ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)က ဖော်ပြထားသည်။ ဖိုးဝစီဝရကမူ 'ဦးသာက ရေးဖွဲ့မေးမြန်းကြောင်း' ဆိုသည်။ အဆို ၂ မျိုးဖြစ်နေပါသဖြင့် 'မဟာအတုလမင်းကြီး လွမ်းချင်းစု'ထဲတွင်လည်း ထည့်ထားပါသည်။

၁။ ဓာတ်သက်ကယ်ရိုးတံ -ကင်းဝန်မင်းကြီး။

၂။ လောင်ဇောက -ကင်းဝန်မင်းကြီး။

၃။ ရှိုက်ပန်းကာ မပြေနှင့် -ကင်းဝန်မင်းကြီး။

mgyoe.com

mgyoe.com SAMPLE BOOK



# ဦးကြင်ဥ

ဦးကြင်ဥသည် မြေထဲမြို့စီရင်စု ဆင်ပေါင်ဝဲရွာ ဇာတိ၊ 'သက္ကရာဇ် ၁၁၃၅ ခုနှစ်ခန့်တွင် ဖွားမြင်သည်။'ဟု ခန့်မှန်းသည်။

ဦးကြင်ဥသည် ရုပ်သေးပညာရှင်ကြီးတစ်ဦး ဖြစ်သည့်အလျောက်၊ ဇာတ်သဘင်ဆိုင်ရာစာများကို ရေးသားခဲ့သည်။ ပြဇာတ်များ, ပတ်ပျိုးများ, တေးပဒေသာများ ပါဝင်သည်။

ရှေးက နန်းတွင်းဇာတ်လမ်းရှည်ကြီးများ, ပြဇာတ်ရှည်များ ရေးသားလာခဲ့ကြရာမှ ဦးကြင်ဥက ညချင်းပြီးကပြနိုင်သည့် ပြဇာတ်များကို တီထွင်ရေးသားခဲ့သဖြင့် ပြဇာတ်ဆရာကြီးအဖြစ် ထင်ရှားသည်။

ဒေဝကုမ္မာနံပြဇာတ်, ပါပဟိန်ပြဇာတ်, တေဇသူရိန်ပြဇာတ်တို့သည် ဒဏ္ဍာရီပြဇာတ်များ ဖြစ်ကြသည်။

ဇာတ်စာတို့ဖြင့်လည်း ထင်ရှား, ရုပ်သေးပညာရှင်ကြီးလည်း ဖြစ်သောကြောင့် ဦးကြင်ဥကို ဇာတိ ဆင်ပေါင်ဝဲရွာကိုပင် ရွာစားအဖြစ် ခန့်ထားခြင်း ခံရပုံရသည်။

ဦးကြင်ဥ၏ လွမ်းချင်း ၄ ပုဒ် တွေ့ထားရာ၊ အားလုံးပင် ဇာတ်ထွက်သီချင်းများ ဖြစ်ကြသည်။

လွမ်းချင်းများသည် တိုတိုနှင့်ပင် ဇာတ်ဆောင်တို့၏စရိုက်ကို ဖော်ပြနိုင်သည်။

လွမ်းချင်း၏သဘာဝမှာ လွမ်းဆွတ်ဖွယ်အဖွဲ့များ ဖြစ်ကြသော်လည်း ဦးကြင်ဥ၏လွမ်းချင်းများမှာမူ စစ်သွေးစစ်မာန် စစ်ချီသံများ ဖြစ်နေသဖြင့် ထူးခြားသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


## ၁၄- ဘာမရှုံ့ပါဘူး

ဦးကြင်ဥ

ဘာမရှုံ့ပါဘူး၊ သက်စွန့်ငယ် ကျိုးနွံ။
အဆိုးငယ်လွန်သည်၊ ရဲဖော်ကျွန် ရန်နှိမ်နှင့်၊
အောင်ချိန်သင့်သည့် ရက်ကိုလေး။

ဖူးငုံငယ်ခိုင်လန်း၊ မြိုင်စခန်းမှာ၊
ညချမ်းငယ်နေညို၊ တိုက်စည်မောင်းငယ်နှင့်၊
ရိုက်ညောင်းသံ ချိုလှတယ်၊ နှင်ဖြိုလွှင့်မြူတိမ်လို့၊
ဇေယျာသိန် နောင်ရန်ဘက်မို့၊
တိုက်ဖျက်မယ်လေး။ ။

mgyoe.com

mgyoe.com SAMPLE BOOK


## ၁၅- ရဲစေကွယ့်

ဦးကြင်ဥ

တိမ်ခြေကပ်စေတော့၊ သေနတ်ကယ် ပြောင်းစိန်။
ခိုင်ပေါင်းငယ်ချိန်သည်၊ မင်းပါဟိန် ယုံကြည်တဲ့၊
ဇာနည်ကျွန်စု ရဲဘော်လေး။

အောင်စည်ငယ်ဆော်နက်၊ အောင်ချိန်ရက်မို့၊
ဖော်ငှက်ကယ်မြူးချေ၊ ကိုက်ဖူးဝေလို့၊
ငွေသခွတ်ပွင့်၊ ခါချိန်သင့်တွင်၊
နတ်မင်းစစ်သည်၊ သူရာနှံ့ နည်းသည့်နှယ်၊
တစ်ပြည်လုံးဂုဏ်ဆူအောင်၊ အလံဖြူ ရန်မူရဲစေကွယ့်၊
ခဲပမယ်လေး။ ။

mgyoe.com

mgyoe.com


## ၁၆- ရှောင်သွေခဲ့ပါဘူး

ဦးကြင်ဥ

သွေမပျက်ပါဘူး*၊ သေရက်ကယ် မူးမော်။
ကြွေကြက်ကယ်ပျော်၊ တို့နှစ်ဖော် ညီနောင်နှင့်၊
မင်ကြောင် ပေါင်ပြည့်ပိန်းကိုလေး။

ဇာတာဂြိုဟ်စစ်၊ ခုသည်ခေတ်မှာ၊
မင်းဖြစ်ကယ်ပုံစံ၊ စိန်ရုံးအန်နှင့်၊
အောင်ရန်ကျင်းစေ၊ ဘယ်မို့ ရှောင်သွေပါ့မယ်၊
နောင်ဗေယျာသိန့်နိုင်ငံကို၊ အမွေ တစ်ဖန်ငြိမ်းအောင်ကွယ်၊
သိမ်းပါ့မယ်လေး။ ။

* ထွေမပျက်ပါဘူး -ဦးပန်းရည်။

mgyoe.com

mgyoe.com SAMPLE BOOK


## ၁၇- ရွှေဖြစ်တဲ့အိုင်

ဦးကြင်ဥ

အိုင်ခပင်းမှာလ*၊ ပယင်းငယ် မြိုင်မြိုင်၊
လေညင်းငယ်လှိုင်၊ အိုင်သယံတာဝသူ[၁]က၊
ဇာတရူ[၂] ဖြစ်တဲ့လမ်းကိုလေး။
ကမ်းပါးယံဝယ်၊ နတ်ဖန်ငယ်သနစ်၊
တတ်သံရယ်ဖြစ်လို့၊
အဓ္ဓဂေါဏာ၊ ငွေမိုးရွာသို့၊
ပြဒါးပြာလုံ၊ ဆေးပေါင်းသာစုံတော့၊
သြော်င်း-ဥုံဖွဂါထာ၊ ဂျီဖေဇာ ဇော်ခင်[၃]ကျူးလို့၊
မြူးကြတယ်လေး။ ။

---

* 'အိုင်ခပင်းမှာလ' ရှိ လွမ်းချင်းကို ဦးကြင်ဥ၏ ကဗျာအဖြစ် သီချင်းပဒေသာ စာအုပ်၊ စာ ၁၂၀ တွင် ပြသည်။

၁။ သယံတာဝသူ = သယံ + တ + ဝသူ = အလိုအလျောက် ဥစ္စာရတနာပေးသော ရေအိုင်။
သယံ-အလိုအလျောက်၊ သဘာဝအရ။ တ-ဆောင်၊ ပေးဆောင်။ ဝသူ-ပစ္စည်းရတနာ။

၂။ ဇာတရူ = ဇာတရူပ (ပါဠိ) = ရွှေသတ္တု။

၃။ ဂျီဖေဇာ ဇော်ခင် = ဖေခင်ဖြစ်သော ဇော်ဂျီ။

mgyoe.com

mgyoe.com SAMPLE BOOK

# ဖိုးသူတော်ဦးမင်း

ကုန်းဘောင်ဆက် ဘကြီးတော်ဘုရားလက်ထက်၌ ထင်ရှားခဲ့ကြသော ဦးတိုး၊ ဦးလန်း၊ ဦးအိ၊ ဦးနု၊ ဦးရေး၊ ဦးဖုန်းတို့နှင့်အတူ ပေါ်ထွန်းခဲ့သူ မင်းနှစ်မင်းဆိုသူ စာဆိုတို့ကား ဖိုးသူတော်ဦးမင်းနှင့် လှူဦးမင်းတို့ပါတည်း။ ထိုဦးမင်း ၂ ဦးတို့သည် အချင်းချင်းလည်း ရင်းနှီးကြသည့်အပြင် ပူးတွဲကဗျာတိုလေးများ လက်တန်းစပ်ဆိုနိုင်ကြသဖြင့် အထူးပင်ထင်ရှားသည်။

နန်းမတော်မိဖုရားကြီးဖြစ်သည့် မယ်နုထံတော်၌ ဦးစံရှင် ခေါ် စာဆိုဦးမင်းနှင့်အတူ ညစဉ်လိုလို ခစားလျက် စာဆိုဆက်သွင်းရသဖြင့် မိဖုရားကြီးကပင် ဖိုးသူတော်ဦးမင်း၊ လှူဦးမင်းဟု ခေါ်စေကြောင်း မှတ်သားမိန့်ဆိုသည်။ ဖိုးသူတော်ဦးမင်းကား လေးချိုးကြီးများနှင့် ကဗျာအမျိုးမျိုးတို့ကို စီကုံးစပ်ဆိုသဖြင့် စာမှန်းကြီး(အမွှန်းကြီး)ရွာကို အပိုင်စားရသည်။

သာယာဝတီမင်းကြီးနန်းတက်သော ဥကင်ဖွင့်အခမ်းအနား၌လည်း ဦးပေါ်ဦး၊ လှူဦးမင်း၊ ဝက်မစွက်နဝဒေးကြီးတို့နှင့်အပြိုင် ဘုန်းတော်ဘွဲ့ရတုများ ဆက်သွင်းရသည်။

'ထပ်ထပ်သာစောတော့တယ်'-အစချီ ဆယ့်နှစ်လရာသီဘွဲ့လွမ်းချင်းများကို ဖိုးသူတော်ဦးမင်းရေးသည် ဟူသောအဆိုများလည်းရှိသည်။

ဖိုးသူတော်ဦးမင်းဖွဲ့စပ်သည့် လွမ်းချင်း ၂ ပုဒ် တွေ့ရသည်။ ကဗျာအရည်အသွေးမှာမူ သာမန်အဆင့်မျှသာ ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK


## ၁၈- အောင်စည်တီးပါလို့

ဖိုးသူတော်ဦးမင်း

အောင်စည်ငယ်တီးပါလို့ ပြည်ကြီးတဲ့ဆက်ကာ၊
မန်းရွှေမြို့တော်လက်ျာမှာ ကြက်သေလာစံရာကွန်းကိုလ၊
လွမ်းလှတယ်လေး
မြစ်ဧရာငယ်၊ ခွေကာလျှမ်းခ၊
ကမ်းအစတွင်၊ တေဇထက်သန်၊
မြမောင်နှံတို့၊ ယမန်ရှေးခါ၊
တောင်မန္တာနှင့်၊ သေလာနဂရာဇ်၊
ဗောဓိလျာဖြစ်စဉ်က၊ နန်းသစ်တဲ့ပျော်ရာ၊
ရိပ်ခမ်းသာမို့၊ ဓမ္မာသောက၊
အရင်းစ၍၊ ပထမတည်၊
မွေသရီစေတီထူးတွင်မှ၊ မိဋ္ဌာန်ကာ ပဏ္ဏာကြူးလို့ရယ်၊
ဖူးကြတယ်လေး ။ ။

mgyoe.com

mgyoe.com SAMPLE BOOK


## ၁၉- စွန်ဆိုးလက်ဝယ် ကြက်သူငယ်

ဖိုးသူတော်ဦးမင်း

ဖြေငြေပြေရန်ခက်ပါဘိ၊ ရွှေကြက်ကဲ့တောင်ပေါ်၊
လွမ်းလို့သာမောင်မျှော်၊ စကုမော် ဟိုဘက်ကမ်းဆီက၊
စိတ်ပန်းလို့ကိုယ်ကျေ၊
အို ... အနေခက်တယ်အသက်ကယ်လေး ။ ။
ဆံကေရှင်ရယ်၊ မပြင်လက်သပ်၊
ကျော့တစ်ပတ်နှင့်၊ သက်ပြတ်လုဖွယ်၊
စွန်ဆိုးလက်ဝယ်၊ ကြက်သူငယ်သို့၊
ဘယ်ဝယ်[၁]ပူပုံ၊ ငိုအားသာကြုံတော့တယ်၊
ရွှေရင်[၂]တုန် တောင်တော်နန်းဆီက၊
လွမ်းလှတယ်လေး။ ။

---

၁။ ဘဝပူပုံ -စာပေကဗျာပေါင်းချုပ်။
၂။ ရွှေရင်တုံ -စာပေကဗျာပေါင်းချုပ်။

mgyoe.com

mgyoe.com SAMPLE BOOK



# စလေဦးပုည

'စလေအညာက နဘောဆရာ'ဟု ဆိုစမှတ်ပြုရသည့် ဦးပုညသည်ကား မြန်မာစာပေသမိုင်းတွင် အထင်ရှားဆုံး စာဆိုတစ်ဦး ဖြစ်သည်။ ငယ်မည် မောင်ပုတ်စည်၊ စာဆိုအမည် စလေဦးပုညအဖြစ် ထင်ရှား၏။ သူ၏မိဘ ၂ ဖက်လုံးကပင် ဘုရင်က ချီးမြှင့်သော အရာခံနှင့် သူကြီးမျိုးနွယ်တို့ဖြစ်ကြသည်။

မောင်ပုတ်စည် ငယ်စဉ်ကပင် ဉာဏ်ရည်ထက်မြက်ထူးချွန်လှသည်။ ၈ နှစ်သားအရွယ်တွင် အမရပူရ ဗန်းမော်ဆရာတော်ထံတွင် ရှင်သာမဏေပြုသဖြင့် 'ရှင်ပုညဘွဲ့'ကို ရသည်။ ပိဋကတ်, ဗေဒင်, ကဗျာလင်္ကာများကို ဆည်းပူးလေ့လာသည်။

ပုဂံမင်းလက်ထက်တွင်မှ လူထွက်ပြီး ပုဂံမင်း ညီတော်များဖြစ်သည့် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ အိမ်တော်၌ ခစားထမ်းရွက်ခွင့်ရသည်။ မင်းတုန်းမင်းတရားကြီးက မန္တလေးရတနာပုံမြို့တော်နှင့် နန်းတော် တည်ပြီးနောက်

mgyoe.com

 mgyoe.com SAMPLE BOOK 

စာဆိုဆရာ ဦးပုညကို 'မင်းလှသခ်ယာ'ဘွဲ့နှင့် ရွာစည်ရွာကို အသုံးကံကျေး ချီးမြှင့်သည်။

ဦးပုညမှာ ဖွားရင်းဇာတာအလျောက် နန်းတော်နှင့် နီးချည်ဝေးချည်၊ ရဟန်းဘောင်သို့ ဝင်ချည်ထွက်ချည် ပြုရသည်က များသည်။ မြင်းကွန်းမြင်းခုံတိုင်အရေးတွင် 'သူပုန်တို့အား အခါပေးသည်' ဟူသော စွဲချက်ဖြင့် မြို့ဝန် ဦးသာအိုးထံ အကျယ်ချုပ်အပ်ထားစဉ် ဦးသာအိုးက စာဆိုကြီးကို ဖျောက်ဖျက်ပစ်လိုက်သည်။ 'လူကိုခွေးသတ်သည်။'ဟု မင်းတရားကြီး ပြစ်တင်ညည်းတွားရှာသည်ဟု ဆိုပါသည်။

စလေဦးပုည စီရင်ရေးသားခဲ့သည့် လက်ရာတို့ကား များလည်းများသည်။ အကောင်းစားတွေလည်း များသည်။ မော်ကွန်း၊ မေတ္တာစာ တေးထပ်၊ အချိုးကဗျာ၊ တုံးချင်း၊ လေ့တော်သံသီချင်း၊ အထူးသဖြင့် ထင်ရှားသည့် ပြဇာတ် စသည်များကို ဖန်တီးခဲ့သည်။ စာဆို၏ လွမ်းချင်းအဖြစ် ၆ ပုဒ်သာ တွေ့ရသည်။ ဦးပုည၏ လက်ရာအဖြစ် စံမီသည့် လွမ်းချင်းများလည်း ပါဝင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


## ၂၀- ရင်ခတ်တောင်ဘွဲ့ *

စလေဦးပုည

တောင်ဂမုန်းငယ်နှင့်၊ ချောင်လုံးပြည့် ရွှေဖီ။
ရင်ခတ်ကယ်ချီ၊
ပွင့်သီဂီ[၁] ရွှေအင်ကြင်းငယ်တို့၊
တောင်မင်း ဂီရာဇိန်[၂]က၊
ကြိမ်ကြိမ် စောပြန်တော့တယ်လေး။

ဒက္ခိဏာငယ်၊
နန္ဒာဦးခိုက်၊ ကန်ကြီးပိုက်လို့၊
ရစ်ဝိုက်ကယ်ထူးထွေ၊ ရွှေလောင်းခွေထက်၊
ဗွေမန္တလာ၊ မြေမျက်နှာ၊
ပြုဗ္ဗာရှေ့ရှုံ၊ မြောင်းဧကန်[၃]နှင့်၊
နတ်ဌာန်ယိုးဖွယ်၊ သာမျိုးသာကြွယ်တော့၊
ပန်းခြယ်တဲ့တောင်မွန်၊
ရေတံခွန် သွယ်သွယ်ဆင့်လို့၊
တင့်လှတယ်လေး။ ။

---

* စလေဦးပုညက အိမ်ရှေ့စံ ကနောင်မင်းသားထံဆက်သွင်းသောစာ။ 'သုတဝဏ္ဏစာတမ်း' အမှတ် ၃ မှ။

၁။ ပင်သီဂီ -ဦးထွန်းရွှေ။

၂။ ဂီရာဇိန် = ဂိရိ+ရာဇ+ဣန္ဒ = တောင်မင်း၊ တောင်ကြီး။

၃။ မြောင်းရေကန် -ဦးထွန်းရွှေ။

mgyoe.com

mgyoe.com SAMPLE BOOK

## ၂၁- မဒ္ဒီထွင်လမ်း တို့မေလှမ်း*

စလေဦးပုည

မထင်တတ်ပြီဘူး၊ ရင်ခတ်ကယ့်သေလာ။
ချပ်ပေါင်းငယ်ကာ၊ ဝက်ပါတောင်မဟောနှင့်၊
ပုံနေစွ ရပ်ကိုလေး။

ရင့်ဝေသန်ငယ်၊ မင်္ဂဉာဏ်ပွင့်ကြောင်း၊
သည်တောင်ယံမှာ၊ စီမံပုံ ကောင်းပေငဲ့။
ကျောင်းစကြံရာ၊ တလင်းသာမှာ၊
ခြေရာလိုလို၊ ကပိုဖတ်သီ၊
ဟိုချပ်ဆီက၊ မဒ္ဒီနွဲ့မူ၊
ခြင်း,တံချူနှင့်၊ ပြန်တော်မူလမ်း၊
သည်စခန်းပေထင့်။
မြင်ပန်းဖွယ်စေ၊ ထင်တိုင်းသာ ထွေတော့တယ်။
တို့မအေ ညှိညှိချောရယ်က၊
တောင်တော်ကို မျှော်တော်ဖောရယ်နှင့်၊
မောလှမယ်လေး။ ။

---

* စလေဦးပုညက အိမ်ရှေ့စံကနောင်မင်းသားထံ ဆက်သွင်းသောစာ။ 'သုတဝမုနစာတမ်း' အမှတ် ၃ မှ။
ဦးရွှေတောင်၏ ပုဒ်စဉ်အမှတ် ၁၂၉ ရင်ခတ်တောင်ဘွဲ့နှင့်တူ။ အနည်းငယ်သာ ကွဲပြားချက်ရှိသည်။
ဦးရွှေတောင်၏ စာစုတွင်လည်း ဖော်ပြထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK


## ၂၂- အိုးနားတို့နှင့် ယုန်ဟင်းချို

စလေဦးပုည

တောင်ခါးပန်းရယ်နှင့်၊ ခင်တန်းငယ် ကုန်းမြောင်။
ကျော့ကွင်းကို ထောင်သည်၊
ခွေးညီနောင် တခင်ခင်နှင့်၊
ယုန်ရှင်ကို ဖမ်းခဲ့ပါ့၊ လေးထမ်းတဲ့ သည်ဖေကို၊
တဲအိမ်နေ ကြင်သူက၊ တအူအူဟစ်ခေါ်လို့၊
အမှာတော် ပါးလိုက်ရှာတယ်လေး။

အိမ်ကိုပြန်လျှင်၊ အကျွန့်ကျွန့်ပ်၊
ယုန်တစ်တုတ်ကို၊
ခွာဆုပ်ရေလှန်၊ ကျပ်ခိုးခံလို့၊
ပရန္နဝါ*၊ ရွက်နုညှာကို၊
ဝါးပြာထည့်ကျို၊ အိုးနားတို့နှင့်၊
ခပ်ချို**ညစ်တော၊ ဆောင့်ကြောင့်ထိုင် မွှေလိုက်တယ်။
ချိုပေစွ ဟင်းချိုကို၊
စလောင်းတို့ အခြေပုံ့နှင့်၊
အာခေါင်မှာ ပူအောင်ထည့်လို့၊
မျိုလှည့်ကွယ်လေး။ ။

* ပရန္နဝါ = ဟင်းခတ်အမွှေးရွက်။
** ခပ်ချို = ဟင်းခပ်ဖွန်း။

mgyoe.com

mgyoe.com SAMPLE BOOK

## ၂၃- မြင်မလျော်မြင်ပျော်ပုံထင်

စလေဦးပုည

လွှာဖိနပ်ကယ်နှင့်၊ မီးခတ်[၁]ကယ်တံတို[၂]*
လွယ်အိတ်ကိုလွှို၊ ဓားမတို ခါးမှာချပ်ပါလို့၊
ဘူးလည်ပြတ် တစ်မြှုဝင်၊ နကန်[၃]တွင် ဖလန်လျှော်နှင့်၊
သောက်တော်ရေ ထည့်ရတယ်လေး။

ချောင်တလျှိုဝယ်၊ ကြောင်သိုလေဖေ့၊ တငွေ့ငွေ့
နှင်းမြိုင်လေ့တောလို၊ ခံပင်ပျိုလဲ၊ မယ်အိုကြီးနဲ့၊
တပုံ့ပုံ့နှင့်၊ ထောက်ကြန့်ငယ်ပင်ငုံ၊ ကိုင်းခွဆုံက၊
လင်းယုန်မောင်နှံ၊ ရောဂါကင်းအောင်၊ အနင်းခံလို့၊
လူဟန်ချစ်ခင်၊ သည်ပုံကိုမြင်ရလျှင်၊ မေခင်တို့သက်ဝေမှာ၊
အကြောတွေက အကုန်ရုန်းလို့၊ ကုန်းခဲ့ပြီလေး။ ။

ကောသလပြဓာတ်-ဓာတ်ထွက်လွှမ်းချင်း

---

* မီးကပ်ကယ်တန်တို -ဓမ္မာစရိယ ဦးထွန်းရွှေ။
၁။ မီးခတ် = မီးရရန်ခတ်ရသည့် အင်ကြင်းကျောက်နှင့်သံတုံး။ လဲမှို့ညှပ်၍ ခတ်ရသည်။
၂။ တံတို = ဆေးတံဆေးအိုး။
၃။ နကန် = နှင်တံ၊ တံပျာ။

mgyoe.com

mgyoe.com SAMPLE BOOK


## ၂၄- လူမုန်းအောင် ကြင်ပါမယ်

စလေဦးပုည

လာပြီတဲ့ ပြန်ခဲ့ပေါ့ခုလေ၊ အမိန္ဒေမှာ၊ နှစ်ဆွေငယ်ကြင်နာလို့၊
သစ္စာပဲသောက်ကြပေါ့၊ ယောက်ဖနော်တွဲ့လေး။
နောင်ခါသာ၊ ရှောင်ခွာပယ်ဖြုတ်၊ မကြီးက ဆုတ်ပါနဲ့၊
အချုပ်ကယ်ပြင်ပြင်၊
ကြူမဆုံးလို့တဲ့၊ လူမုန်းအောင်ကြင်ပမယ်၊
ပန်းပင်ဆင့်ကေခိုင်ငယ်၊
တောင်မကျွိုင်ပြိုကွဲအောင်၊ မြဲပမယ်လေး။ ။

mgyoe.com

mgyoe.com SAMPLE BOOK

## ၂၅- ကံတော်နည်းသူ သည်းမှာဆူ

စလေဦးပုည

ဖန်သမျှ ကြံဆလို့ဆည်ဖြေ၊ သည်ဖြစ်ထွေကို၊
မြစိန္တေ ရှင်ပင်သိပါစေ၊ အို မိနော်မေလေး။
ဟိုရင်များမှာ၊ ဘုရားလာကို၊ သာယာမညို့၊ သည်လိုသို့နှင့်၊
သည်ကိုယ့်နော်...၊ သူ့လက်ဝယ်ပျော်ဆဲမို့၊ ကံတော်နဲ့သူ၊

ကျုပ်သဲမှာ ဆူလှချည့်၊ ညို့ုပူသည့်မျက်နှာကို၊
တစ်ခါမြင်ပါလှဲ့လို့၊ စိမ်းတဲ့မေလေး ။ ။

မှတ်ချက် ။ ။ 'လာပြီတဲ့'ရှိ လွမ်းချင်းနှင့် 'ဖန်သမျှ'ရှိ လွမ်းချင်း ၂ ပုဒ်ကို စလေဦးပုည ရေးသည်ဆိုသော 'မောင်ကင်းပေးမေတ္တာစာ' တွင် ပါရှိသော်လည်း ကဗျာပါ လက်ရာနှင့် အာဘော်မှာ ဦးပုည၏ အရည်အသွေးကို မမီကြောင်း တွေ့ရသည်။ သို့သော် လွမ်းချင်း ကဗျာဝိသသဖြင့် ထည့်သွင်းဖော်ပြပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK



## လှိုင်ထိပ်ခေါင်တင်

လှိုင်ထိပ်ခေါင်တင်သည် စာစုံရေးသော နန်းတွင်းစာဆို တစ်ဦး ဖြစ်သည်။ ရွှေဘိုမင်းတရားကြီးနှင့် အနောက်နန်းမမြလေး တို့၏သမီး ဖြစ်ပြီး၊ အိမ်ရှေ့ကနောင်မင်းသားကြီး၏ အိမ်ရှေ့ မိဖုရား ဖြစ်သည်။ 'ဘောလယ်ကဗျာ'ကို စတင်တီထွင်သူအဖြစ် အသိများသည်။

လှိုင်ထိပ်ခေါင်တင်သည် ဝိဇယကာရီနှင့် ဣန္ဒာဝံသ နန်းတွင်းဇာတ်ကြီးများကို ရေးသားခဲ့ရာ၊ ဇာတ်လမ်းအရ ဇာတ်ဆောင်တို့ သီဆိုရန် လွမ်းချင်းများကို ထည့်သွင်းရေးသားခဲ့သည်။ လွမ်းချင်း ကဗျာပေါင်း ၄၁ ပုဒ် တွေ့ရသည်။ လွမ်းချင်းပုဒ်ရေ အများဆုံးရေးသူ တစ်ဦးပင် ဖြစ်နိုင်သည်။ ဇာတ်ဝင်ခန်း လွမ်းချင်းများပီပီ ထီးသံနန်းသံ၊ တောသံတောင်သံ၊ လွမ်းသံ ဆွေးသံ၊ ပြုံးသံရယ်သံများ နှောနေသည်။ တိုတိုရှင်းရှင်းနှင့် လွမ်းချင့်စဖွယ် စီကုံးထားနိုင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK



## ၂၆–ပြည်တော်ပြန် လွမ်းချင်း

လှိုင်ထိပ်ခေါင်တင်

မြိုင်တသန့်မှာတဲ့၊ ကြိုင်ပျံ့[၁]ငယ်ဂန္ဓာ။
လှိုင်နံ့ငယ် ဖြာသည်၊ ခိုင်ရွှေညာ ဂေါင်ငုံက၊
[၂]ကိုက်မုံသင်းပြန်တော့တယ်လေး။

ငွေစံပယ်၊
နန်းမယ်ဆင်ခွင့်၊ ခါတော်မီ ပွင့်ရှာတဲ့၊
လေးခင့်မိတ်နှံ။
ပြည်တော်ပြန်၊ လွမ်းရန်စုံစုံ၊
မြူခြည်ဆိုင်းလို့၊ ရှစ်တိုင်းမှာ မှုန်တော့ခါ[၃]၊
ရွှေဘုံကြော့ မဏ္ဍာလာမှ၊
ရော်ရမ်းကာ ဘယ်ဆီမှန်းငယ်လို့၊
ရမ်းသိပြီလေး[*]။ ။

ဝိဇယကာရီပြဇာတ်မှ

---

၁။ ကြိုင်နံ့ငယ် –မြန်မာစာညွှန့်ပေါင်း၊ စတုတ္ထတွဲ။
ကြိုင်ပျံ့ငယ် –ဦးဖိုးလတ်။
၂။ 'ကိုက်မှုန်'–မှုကွဲ။
၃။ ရှစ်တိုင်းမှာ မှုန်သော့ခါ –ဦးဖိုးလတ်။
* 'လမ်းသိပြီလေး' –ဦးဖိုးလတ်။

mgyoe.com

mgyoe.com SAMPLE BOOK


## ၂၇-စိတ်ကောက်ဘွဲ့ လွမ်းချင်း

လှိုင်ထိပ်ခေါင်တင်

လာမချော့လာနှင့်၊ တန်တော့ဖျား‌ရွှေကိုယ်။
ဘုန်းမိုမိုငယ်၊ မယ်ကလို မောင်မညှာလို့၊
ရှောင်ခွာစိမ်းရက်တယ်လေး။

လှမြတ်စွာငယ်၊
မကြာစေကြောင်း၊ ရွှေစကြာညောင်းမည်လို့၊
သောင်းလုံးမှန်ကူ၊
ရွှေဗျာငြိမ့်နှင့်၊ ဆင်မိန့်တော်မူခဲ့။
ဒါရှုလုံးကေဆံငယ်၊ တစ်ပြည်စံ နှစ်ပြည်မွေ့လို့၊
သူ မေ့တယ်လေး။ ။

ဝိဇယကာရီပြဇာတ်မှ

mgyoe.com

m gyoe.com


## ၂၈-ကြံရှယ်ဇော

လှိုင်ထိပ်ခေါင်တင်

မခေါ်သင့်သည်မို့၊ တော်မြင့်နွယ်ငယ်လာ။
ဖော်နွဲ့ကာ ငယ်၊ တိုင်းမူဒါရွှေဘုံက၊
လွမ်းဂုဏ် သစ်ရှာလိမ့်မယ်လေး။

မြန်းလေရာ၊
ဘယ်ခါမမေ့၊ ကြံ့သရွှေ၊
စုံစေ့ပါးတွင်၊ နှစ်ကိုယ်ကြားငယ်ပဲ့၊
နှစ်နားပြိုင် တင်ရအောင်၊
ငွေဟင်သာ[၁]ကန်ညာ၊
ရောက်ချင်ရှာ ကြံရှယ်ဇောငယ်နှင့်၊
မောမိတယ်လေး။ ။

ဝိဇယကာရီပြဇာတ်မှ

၁။ ဟင်သာ = ဟံသာသနပလ္လင်။

mgyoe.com

mgyoe.com SAMPLE BOOK



## ၂၉-တောအလှ

လှိုင်ထိပ်ခေါင်တင်

ရဂုံဦးမှာလ၊ ကြံ့ဖူးရ ခုပုံ။
မိန်အကုန်*ဝယ်၊ ကိုက်ဖူးငုံ အာကာရာ[၁]က၊
ချပ်လွှာဖြေ ဆင်းတယ်လေး။[၂]

ပြည်တော်ပြန်ဝယ်၊
ဆင်တော်ရန်မဲ့၊ တစ်ဖော်နှဲ့လို့၊
ကြုံတဲ့အခါ၊ ဇီဇဝါငယ်၊
ဂန္ဓာထုံရင့်၊ စုံဂနိုင်တင့်ပါတဲ့၊
မြိုင်မင့်းသခင်၊ ဂမုန်းအင်မှာ၊
ဟိုပင်မြင့်ဝယ်၊ သစ်တစ်ပုံ ခြယ်လှချည့်၊
ရွှေလယ်မြင့် ကွန်းပျော်ငယ်၊ မြင်တော်မူစမ်းစေရ၊
ဆန်းလှတယ်လေး။ ။

ဝိဇယကာရီပြဇာတ်မှ

---

* မိန်အလုံ -ညွန့်ပေါင်းကျမ်း (စ)တွဲ။
၁။ အာကာရာ = အခြင်းအရာပုံသဏ္ဌာန် (ပါဠိ)။
၂။ သင်းတယ်လေး -ဦးဖိုးလတ်။

mgyoe.com

mgyoe.com


## ၃၀-တန်ခူးလ

လှိုင်ထိပ်ခေါင်တင်

နိုင်ဂမုန်းငယ်က၊ ကြိုင်ဆုံးငယ်ဖြစ်ဟန်။
ပြည်တော်ပြန်ဝယ်၊ တာသကြံန် ခါတော်ကြုံလို့၊
တစ်ဂုဏ် သစ်ပြန်တော့တယ်လေး။

မြလက်တံ၊
ရွှေလှုံညွန့်ညောင်း၊ ရွက်သစ်ကယ်လောင်းလို့၊
သာပေါင်းငယ်စုံစုံ၊ တောင်လေသွင်းလို့၊
ဖီမင်း[၁]ငယ် ထုံတော့ကာ၊ ရွှေဘုံကြော့ကွန်းညာ၊
နီသမာ စံရာတိုင်းဆီက၊ အမွှန္တာ[၂]ရယ်ပိုင်းလို့၊
မှိုင်းခဲ့ပြီလေး။ ။

ဝိဓယကာရီပြဇာတ်မှ

၁။ ဖီမင်း = သရဖီပန်း။
၂။ အမွှန္တာ = မိုး(ပါဠိ)။

mgyoe.com

mgyoe.com SAMPLE BOOK


## ၃၁–ဖော်ကွာဝေး

လှိုင်ထိပ်ခေါင်တင်

စုံတစ်ကြောမှာတည့်၊ အံ့သြယ် မကုန်။
ပန်းနံ့ထုံသည့်၊ ရွှေဖိငုံ ညှာတံကြွေလို့၊
တောင်လေ သွင်းပြန်တော့တယ်လေး။

နွေဂိမှာန်ငယ်၊
ဝသန်ခါပြောင်း၊ ရွက်သစ်ကယ် လောင်းလို့၊
နှာမောင်းရစ်ခွေ၊ ဖူးညွန့်ဝေနှင့်၊
မြသေလာမွန်၊ ရေတံခွန်လည်း၊
စီးဝှန်ညာ,ဘယ်၊
နှစ်ခြောင်စမ်းနှင့်၊ ခင်တန်းစွယ်၊
တူရယ်မကွာ ဒေါင်းဖို,မတို့၊
တွန်ကြသံ သာသော့ခါ၊
လွမ်းဗျာထု ရွှေဘွင်မှာ၊ ဖြေမရှင် ဖော်ကွာဝေးသူတို့၊
ဆွေးချည့်မယ်လေး။ ။

ဝိဇယကာရီပြဇာတ်မှ

mgyoe.com

mgyoe.com
SAMPLE BOOK


## ၃၂- ပူဆာဖွဲ့

လှိုင်ထိပ်ခေါင်တင်

ခိုင်အနန်းငယ်နှင့်၊ ကြိုင်လန်းငယ် ဝတ်ရည်။
မြိုင်ခန်းငယ် စည်သည်၊ ခါတော်မီ တာသကြန်မှာ၊
ရွှေလှျံညှာ ရင့် ပြောင်းတယ်လေး။

ရှုတိုင်းသာ၊
လင်းပြာသန့်စင်၊ သိုက်မြုံတင်လို့၊
ကျူးရင်ကြော်ကြွ ရွှေဥသြတို့၊ ဖော်နှောကာနှင့်၊
ခရာတဲ့ကျေးငယ်ကို၊ ရွှေချိုင့်ဝယ် သည်မယ်မွေးချင်လှ၊
ဖမ်းပါ့ဖေ ဟာန်မနေ့းပါနှင့်၊
ပြေးရော့မယ်လေး။ ။

ဝိဇယကာရီပြဇာတ်မှ

mgyoe.com

mgyoe.com SAMPLE BOOK


## ၃၃–ခြောက်လှန့်ဖွဲ့

လှိုင်ထိပ်ခေါင်တင်

မြခဲရောင်နွယ်၊ ရွှေကျေးငယ်ကို၊
မွေးချင်တယ် မပူဆာနှင့်၊
နန်းညာရွှေမြင့် နတ်ကယ်လေး။

ရှေးဝဋ်ကျန်အောင်၊ မဖန်သာသင့်၊
မြိုင်လုံးတင့်တဲ့၊
ပင်မြင့်သဇင်၊ ဂမုန်းအင်၊ တော်ဝင်တဲ့ မုလေး။
မောင် ဆွတ်ယူပေးမယ်ပါ့၊
ပျံ့မွှေးငယ်ချိုချို၊ ငိုမာန်ဖွဲ့လို့၊ အနွဲ့တော်ပိုလှချည့်၊
ကွန်းခိုတဲ့ ရွှေဘုံပျော်မှာ၊
အမူတော် သည်မယ်များလှချည့်၊
ချုံရိပ်နေ ဟိုရွှေကျားက၊
စားတတ်တယ်လေး။ ။

ဝိဇယကာရီပြဇာတ်မှ

mgyoe.com

mgyoe.com SAMPLE BOOK

## ၃၄-ဖော်မစုံဘွဲ့ လွမ်းချင်း

လှိုင်ထိပ်ခေါင်တင်

သစ်လို့သာလွမ်းတော့၊ မြူဝန်းငွဲ့ရစ်ချီ။
တိမ်ဆိုင်းငယ်ရီသည်၊
စံဌာနီရွှေဘုံက၊
မစုံလျှင် လွမ်းရှာလိမ့်မယ်လေး။

ကြင်သက်နှောင်ငယ်၊
ပန်းညောင်ဖွေချက်၊ လှိုက္ကူဆက်တဲ့၊
သက်ကဲ့နန်းမယ်၊ ရွှေလိပ်ပြာ ငယ်ချည့်မယ်။
သောင်းခြယ်တဲ့ မိုလ်ပုံမှာ၊
ကြာရိပ်လှို့ ရှစ်စုံမြင့်ငယ်ကြောင့်၊
စိုးသင့်တယ်လေး။ ။

ဣန္ဒာဝံသပြဓာတ်မှ

mgyoe.com

mgyoe.com SAMPLE BOOK



## ၃၅-ဖော်ကွာဝေး

လှိုင်ထိပ်ခေါင်တင်

ဘုံကြငှန်းမှာတည့်၊ ယုန်စန်းငဲ့ငွေရည်။
နောင်ဆွဲလည်ငယ်၊* မူးချိန်မီ ပြည်တန်ကြောင့်၊
ဗျာလျှံ တောင်ထုမောက်တယ်လေး။

မတင်သာသည်၊ ကြင်စာနှောင်ဖွဲ့၊
တစ်အားငယ်နွဲ့လို့၊ ကြုံတဲ့ဖြစ်ကယ်၊
ဗိုလ်ပေါင်းလယ်၊
စိတ်ငယ်မသာ၊ ငိုယောင်ကာနှင့်၊
လွမ်းရှာရက်တယ်၊ ရတက်သာကြွယ်တော့၊
သိန်းခြယ်တဲ့ ခေါဘဏီမှာ၊
ထဲမကြည် စံဌာနငယ်က၊ ချီရတယ်လေး။ ။

ကဗျာဝံသပြဇာတ်မှ

* နောင်ဆွဲလည်ငယ် -ကဗျာဝံသ၊ ၃ တွဲ။
နောင်းဆွဲ့သည်ငယ် -မူကွဲ။

mgyoe.com